မြန်မာ့ကြေးမုံ The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-6-2007) (၅၃၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဝိုင်းမော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတက်ရောက် ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးစခန်းနှင့် ကျေးရွာလမ်းပိုင်းအဆင့်မြှင့်တင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ဝိုင်းမော်–ဝါရှောင်ကားလမ်းမကြီးအနီး မဒိန်ကျေးရွာတွင်ပြုလုပ်ရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝိုင်းမော်မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူ ၁၈၃၂၆ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအုန်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် မူဆယ်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ၊ ပညာသင်စရိတ်များ ပေးအပ်လှူဒါန်းပွဲတက်ရောက်

နေပြည်တော် ဇွန် ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး တို့သည် ဇွန် ၁၁ ရက် နံနက် ၆ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မဟာဝန်(မြောက်)ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရုနာထအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းမှူးသည် မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော မူဆယ်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ၊ ပညာသင်စရိတ်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက မူဆယ်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်ရာ မူဆယ်ခရိုင် ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစိန်ညွန့်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မနန်းခွန်ပန်အတွက် တစ်နှစ်စာ ပညာသင်စရိတ် ကျပ်နှစ်သိန်းအား ထောက်ပံ့ပေးအပ်ရာ မိခင် ဒေါ်နန်းထွဲက လည်းကောင်း၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကုသပေးသော

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဝိုင်းမော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

ယခုအခါ သုတေသီများ၏ စမ်းသပ်ချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အစာပြောင်းအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာရောဂါများကို ကာကွယ်တားဆီးနိုင်မည့် ဗီတာမင်ဖြစ်ကြောင်းကို အထောက်အထားများနှင့် တင်ပြခဲ့ကြသည်။

ပါမောက္ခဒေါက်တာပိုင်စိုး၏ **"ကင်ဆာရောဂါကာကွယ်ဖို့ ဗီတာမင်ဒီ သောက်ကြစို့"** (ဆောင်းပါး) စာမျက်နှာ–၆၊၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၆-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြု အရိပ်ရပင်နှင့် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုး

ယနေ့အချိန်အခါတွင် နိုင်ငံများစွာတို့၌ ရာသီဥတု ပြောင်းလဲမှုများနှင့်အတူ သစ်တောများပြုန်းတီးမှု၊ သဲကန္တာရ ဖြစ်ပေါ်လာမှုများ ကြုံတွေ့နေကြရသည်။ မှန်လုံအိမ်အာနိသင် တိုးမြင့်လာခြင်းသည်လည်း ကမ္ဘာကြီးပူနွေးလာခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ ယင်းသို့ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးနိုင်ရေးအတွက် သစ်တောသစ်ပင်များစွာကို တိုးချဲ့စိုက်ပျိုးပြီး သဘာဝပတ်ဝန်းကျင် ကောင်းမွန်စေရန် ထိန်းသိမ်းထူထောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် အစဉ်အလာသည် ရှေးကာလများစွာကပင် ရှိခဲ့သည်။ မြန်မာပြည်သူတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြတ်နိုးမှုကို မြို့ပြနှင့်ကျေးလက်တစ်ခွင်ရှိ စိမ်းလန်းစိုပြည် သာယာလှပနေသည့် ရှုခင်းမြင်ကွင်းများက ဖော်ပြနေသည်။

နိုင်ငံတော်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမှ ကာကွယ်နိုင်ရေးအတွက် သစ်တောနှင့် ရေမြေသယံဇာတ အရင်းအမြစ်များအား စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရင်း ရေဝေရေလဲ သစ်တောစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုး တည်ထောင်နေသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများအားလုံးကလည်း ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ၊ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းဝေငှခြင်းများ လုပ်ဆောင်လျက်ရှိသည်။

"သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး"ဟူသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင် သစ်တောများကို ရှေးအစဉ်အဆက်က စိုက်ပျိုးထားခဲ့ကြရာ မျက်မှောက်ကာလ၌ အမွေဆက်ခံ အကျိုးခံစားနေကြရပြီ ဖြစ်သည်။ မြို့ပြ၊ ကျေးရွာအလိုက် သစ်ပင်သစ်တောစိုက်ခင်းများ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များကို စဉ်ဆက်မပြတ် တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် အကျိုးပြုမည့် သဘာဝသစ်တောများ အစဉ်ရှင်သန် တိုးတက်ဖြစ်တည်နေမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ မိဘများဖြစ်သော ဗိုလ်မှူးတင်ထွန်း-ဒေါ်ခင်မေအုန်း၊ ဦးထွန်းရင်(စိန်နှင့်မြ) တို့အားရည်စူးပြီး မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်ရီ (စိန်နှင့်မြ) အား အမှူးထား၍ ကမ္ဘာအေးစေတီလမ်းနေ ဦးထွန်းထွန်း-ဒေါ်မွှေးမွှေးယဉ်(စိန်နှင့်မြ)၊ သမီး အင်ကြင်းပွင့်ဖြူ၊ သားမင်းခန့်ကျော်မိသားစုက အလှူငွေကျပ် ၁၀၅၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အသိအမြင်တိုးပွားစေရေး အစဉ်လေ့လာသင်ယူနေရန်လိုအပ် မိမိဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၆ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အုပ်စုနယ်မြေ(၃) ပိန္နဲကုန်းရပ်ကွက် သဲအင်းဂူဓမ္မာရုံခန်းမ၌ ကျင်းပသည့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၃၀)ဖွင့်ပွဲ၊ အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် အင်းစိန်မြို့နယ် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၀)ဖွင့်ပွဲ၊ အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ ဝန်ကြီး ဦးခင်မောင်မြင့်က အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၃၀) သင်တန်းဖွင့်ပွဲ၌ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် ဖော်ဆောင်ချီတက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးကိုလည်း အပိုင်းလိုက်အဆင့်ဆင့် အောင်မြင်စွာကျင်းပလျက်ရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရေရှည်အကျိုးမျှော်မှန်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရောက်ရှိဖြစ်တည်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းသား၊ အသင်းသူများနှင့် သင်တန်းသား၊ သင်တန်းသူများသည်လည်း ပြည်သူထဲက ပြည်သူများဖြစ်သည့်အတွက် ပြည်သူ့အကျိုးစီးပွားအစဉ်အလေးအနက်ထား လုပ်ဆောင်ပေးသွားရန် လိုအပ်ကြောင်း၊ ဒေသနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးသည် ဒေသရှိပြည်သူအားလုံးမှာ အဓိကတာဝန်ရှိနေကြောင်း၊ ထို့ကြောင့် အသင်းသား၊ အသင်းသူများအားလုံး ယနေ့အချိန်ကာလ ခေတ်ရေစီးကြောင်းနှင့်အတူ နိုင်ငံရေးအသိအမြင်၊ စီးပွားရေးအသိအမြင်နှင့် လူမှုရေးဆိုင်ရာ အသိအမြင်များ တိုးပွားသိမြင်နေစေရေးအတွက် အစဉ်လေ့လာသင်ယူနေကြရန် လိုအပ်ကြောင်း။

ယနေ့ လူငယ်လူရွယ် အသင်းဝင်အားလုံး လူတော်လူကောင်းများဖြစ်ပေါ်စေရေးနှင့် အသင်းကြီးအကျိုး၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးနှင့် နိုင်ငံတော်အကျိုးထမ်းရွက်နိုင်သည့် နိုင်ငံ့ရတနာလူတော်လူကောင်းများ ဖြစ်ပေါ်စေရန်မှာ အခြေခံစည်းရုံးရေးပညာရပ်များ၊ ခေတ်သစ်စာပေ၊ အသိပညာ၊ အတတ်ပညာများပြည့်ဝနေရန်မှာ အရေးကြီးကြောင်း၊ အမှားနှင့်အမှန် အကောင်းနှင့်အဆိုး ပိုင်းခြားဝေဖန်ပြီး မိမိဒေသ၊ မိမိမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ် တာဝန်ခံဝန်ကြီးက အင်းစိန်မြို့နယ်အသင်းအတွက် စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပြီး အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ ကို ရပ်မိရပ်ဖ ဦးထွန်းမင်းထံမှ လက်ခံရယူသည်။

ဆက်လက်၍ အသင်းကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီ တာဝန်ခံဦးထွန်းလင်းသောင်းက ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမှ ငွေကျပ်သုံးသောင်း၊ ပိန္နဲကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုထွန်းက ငွေကျပ်ခြောက်သောင်း၊ ဈေးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇေယျာထွန်းက ငွေကျပ်လေးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးကလက်ခံရယူပြီး ကွက်သစ်ရပ်ကွက်ဈေးကုန်းနှင့်မြို့သစ်(၇)ရပ်ကွက်တို့မှပေးအပ်သော အလှူငွေများကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အင်းစိန်မြို့နယ်တာဝန်ခံအမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်ကအသင်းသား၊ အသင်းသူများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ကန်တော်လမ်းနေ ကွယ်လွန်သူ ကိုအောင်သန်းဇော်အားရည်စူး၍ ဇနီး မမြကေသွယ်မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဇွန်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၄၀ စင်တီမီတာ (ရှစ်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂၇၀ စင်တီမီတာ (ကိုးပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၂၀၀ စင်တီမီတာ (ခုနစ်ပေခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၆/၂၀၀၇)ကျင်းပ

နေပြည်တော် ဇွန် ၁၉

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး (၆/၂၀၀၇)ကို ယမန်နေ့ နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရှေးဦးစွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်၍ အမှာစကား ပြောကြားကြသည်။

အဆိုပါ အစည်းအဝေးသို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ ပြည်နယ်/တိုင်း တာဝန်ခံ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်းများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် အထူးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက လေးလပတ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်နှင့် ယင်းဖြစ်စဉ် လျော့နည်းသက်သာစေရန်ကြိုးပမ်းရာ၌ သစ်တောများ၏ အခန်းကဏ္ဍကိုဖော်ညွှန်းသော 'ဥတုရာသီတောကိုမှီ' ဗီဒီယိုကိုကြည့်ရှုကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၆/၂၀၀၇)တွင် အမှာစကား ပြောကြားစဉ်။ (သစ်တော)

တက်ရောက်

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ (၉၆)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့

နေပြည်တော် ဇွန် ၁၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေ ၃၀ ရက်မှ ဇွန် ၁၅ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ (၉၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့ပြီး ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသည့် ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာပွင့်စန်းနှင့် အလုပ်သမား ကိုယ်စားလှယ်ဖြစ်သည့် မြန်မာ မေဆန် စက်မှုလက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်Good Morning ပေါင်မုန့်စက်ရုံ ကြီးကြပ်ရေးမှူးဦးခင်မောင်ဦးတို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇွန် ၁၂ရက်တွင် ကုလသမဂ္ဂ အဆောက်အအုံရှိ ညီလာခံခန်းမ၌ကျင်းပသော (၉၆)ကြိမ်မြောက် ညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ အမြဲတမ်း ကိုယ်စားလှယ်/သံအမတ်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြသည်။ ယင်းနေ့တွင်ကျင်းပခဲ့သည့် ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် တက်ရောက်အမှာစကားပြောကြားပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်နှင့် မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သံမှူးကြီး ဦးဝင်းသိမ်း တို့လည်း တက်ရောက်ခဲ့ကြသည်။

အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများအား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Pehin Adanan Yusuf၏ကိုယ်စား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး Dato Paduka Haji Mahadi Haji Wasli က ဇွန် ၁၃ရက်တွင် တည်ခင်းဧည့်ခံသော အလုပ်သဘော နံနက်စာစားပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးညွှန့်မောင်ရှိန်နှင့် သံမှူးကြီး ဦးဝင်းသိမ်းတို့ တက်ရောက်ခဲ့ကြသည်။ အလုပ်သဘော နံနက်စာစားပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ILO တို့ လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဖြစ်ပေါ်တိုးတက်နေမှုများကို အသိပေး ဆွေးနွေး ပြောကြားခဲ့သည်။ အဆိုပါ နံနက်စာ စားပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျီနီဗာမြို့ရှိ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးများနှင့် အလုပ်သမားဝန်ကြီးဌာနများမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်သည် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယအတွင်းဝန် ဒေါ်ခင်ဦးလှိုင်တို့ လိုက်ပါလျက် ဇွန် ၁၃ရက်တွင် ကုလသမဂ္ဂ အဆောက်အအုံ အခန်းအမှတ်(၇)၌ ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသအုပ်စုမှ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ညီလာခံကာလအတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၇ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Mr. Kari Tapiola နှင့်လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Juan Somavia နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

ဇွန် ၁၄ရက် နံနက်ပိုင်းတွင် ပြုလုပ်သည့် အိုင်အယ်လ်အို၏ ၂၀၀၈-၀၉ ခုနှစ် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်နှင့်အညီ အစီအစဉ်ကို အတည်ပြုချမှတ်ရာတွင်လည်းကောင်း၊ ငါးလုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်နှင့် တိုက်တွန်းချက်များအဖြစ် အတည်ပြုချမှတ်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်များဖြစ်ကြသော အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါက်တာပွင့်စန်းနှင့် အလုပ်သမား ကိုယ်စားလှယ် ဦးခင်မောင်ဦးတို့က အိုင်အယ်လ်အိုဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ်၊ ၄ ပိုဒ်ခွဲ(၁)နှင့်အညီ အီလက်ထရွန်နစ်မဲပေးစနစ်ဖြင့် ဆန္ဒမဲ အသီးသီး ပေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့မှ အလုပ်ရှင် ကိုယ်စားလှယ်ဒေါက်တာပွင့်စန်းသည် ဇွန်၁၄ရက် ညနေပိုင်းတွင် စုံညီအစည်းအဝေး၌ ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးဝဏ္ဏမောင်လွင်အား နယ်သာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည်ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်အား နယ်သာလန်နိုင်ငံဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီး အဖြစ် ပူးတွဲ ခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းပွဲဆက်လက်ကျင်းပ ပို့ဆောင်ရေးနှင့် မြို့တော်စည်ပင် အနိုင်ရ

ရန်ကုန် ဇွန် ၁၉

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက လယ်/ဆည်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက မြန်မာ့မီးရထားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

(အောင်ဆန်းကွင်း)

ပို့ဆောင်ရေးအသင်း သုံးဂိုး

(ပြည့်ဖြိုးဦး-နှစ်ဂိုး၊ ခိုင်ဇော်ထွန်း-တစ်ဂိုး)

လယ်ယာဆည်မြောင်းအသင်း နှစ်ဂိုး

(တင်အောင်မိုးနှင့် ခင်မောင်လွင်-ပယ်နယ်တီ)

ဒိုင်လူကြီး ဦးထွန်းထွန်း

လယ်/ဆည်အသင်းမှ တင်အောင်မိုးက ၂၆မိနစ်တွင် ဂိုးစတင် သွင်းယူသော်လည်း တစ်မိနစ်အကြာမှာပင် ပြည့်ဖြိုးဦးက ပို့ဆောင်ရေးအတွက် ချေပဂိုးသွင်းယူပြီး မိနစ်၃၀တွင် ခိုင်ဇော်ထွန်း၊ ၄၄မိနစ်တွင် ပြည့်ဖြိုးဦးတို့ကအနိုင်ဂိုးများထပ်မံသွင်းယူသည်။ လယ်/ဆည်အသင်းအတွက် ချေပဂိုးကို မိနစ် ၉၀ တွင် ခင်မောင်လွင်က ပယ်နယ်တီမှတစ်ဆင့်သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)

မြို့တော်စည်ပင်	လေးဂိုး
မြန်မာ့မီးရထား	နှစ်ဂိုး

ယနေ့ပွဲ

ညနေ ၄ နာရီ

(အောင်ဆန်းကွင်း)

စီးပွား/ကူးသန်းနှင့် ပြည်ထဲရေး

(သုဝဏ္ဏကွင်း)

ဆောက်လုပ်ရေး နှင့် Royal Eleven

(ကြေးမုံ)

ဆွန်နီအာရပ်များအား လက်နက်ထောက်ပံ့ပေးသည့် အမေရိကန်မူဝါဒ အီရတ်ဝန်ကြီးချုပ် လက်မခံ

ဘဂ္ဂဒက် ဇွန် ၁၈

အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုအား တိုက်ခိုက်နိုင်ရန် ဆွန်နီအာရပ်ပြည်သူ့စစ်များကို အမေရိကန်က လက်နက်များ ထောက်ပံ့ပေးမှု မပြုလုပ်သင့်ကြောင်း၊ ယင်းသို့ လုပ်ဆောင်ပါက အီရတ်နိုင်ငံတွင် ပြည်သူ့စစ်အင်အားစုသစ် ပေါ်ပေါက်နိုင်သည့် ဘေးအန္တရာယ်ရှိကြောင်း အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက တနင်္လာနေ့တွင် ပြောကြားသည်။

လက်ခံမည်မဟုတ်

အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုအား ချေမှုန်းနိုင်ရန် ဆွန်နီအာရပ်မျိုးနွယ်စုဝင်များကို လက်နက်နှင့် စစ်ဘက်သုံး ကိရိယာများ ထောက်ပံ့ပေးရေး အမေရိကန်အစိုးရ၏ မူဝါဒကို မိမိ၏ အစိုးရအဖွဲ့က လက်ခံမည် မဟုတ်ကြောင်း မာလီကီက နယူးစ်ဝိစ်သတင်းမဂ္ဂဇင်း၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

မာလီကီသည် ယင်းမူဝါဒကို ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အမေရိကန်အစိုးရသည် အီရတ်နိုင်ငံအန်ဘာပြည်နယ်တွင် ဆွန်နီအာရပ်တို့အား လက်နက်တပ်ဆင်ပေးခဲ့သည်။

မျိုးနွယ်အုပ်စုများအား လက်နက်တပ်ဆင်ပေးရာတွင် ယင်းမျိုးနွယ်အုပ်စုများ၏ နောက်ကြောင်းကို သိရှိရန်လိုအပ်ကြောင်း၊ အကြမ်းဖက်မှုများနှင့် ဆက်နွယ်မှုမရှိသောမျိုးနွယ်အုပ်စုများကိုသာလျှင် လက်နက်အထောက်အပံ့ပေးသင့်ကြောင်း မာလီကီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် မီးလောင်သွားသော ကျောင်းတစ်ကျောင်းကို ဇွန် ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဖာတာထောက်ခံသူများ ဂါဇာမှ ထွက်ပြေးကြရ

ဂါဇာ ဇွန် ၁၈

ဖာတာအုပ်စုကို ထောက်ခံသူများသည် ဟားမတ်စ်ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်မှ လေကြောင်း၊ ရေကြောင်းခရီးဖြင့် စနေနေ့က ထွက်ပြေးကြရကြောင်း၊ ဟားမတ်စ်အုပ်စုသည် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ တပ်ဖွဲ့ဝင်များကို အနောက်ဘက်ကမ်းဒေသအထိ ရောက်အောင် တိုက်ထုတ်မည်ဟု ခြိမ်းခြောက်ထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဖာတာအဖွဲ့ကို ဦးဆောင်သည့် အဘတ်စ်ကတနင်္ဂနွေနေ့တွင်အရေးပေါ် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အမေရိကန် ဦးဆောင်ပြုလုပ်သည့် အကူအညီပိတ်ဆို့မှု အဆုံးသတ်ရန် ဆောင်ရွက်မည်ဖြစ်သည်။

ဝန်ကြီးချုပ်လောင်းအဖြစ် လျာထားခံရသူ ဆလမ်ဖေယက်က ဝန်ကြီးအဖွဲ့၏ ဝန်ကြီး ၁၄ ဦးကို ရွေးချယ်ခဲ့သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဝန်ကြီးချုပ် ဆလမ်ဖေယက် ဦးဆောင်မည့် အစိုးရအဖွဲ့သစ်သည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးရန်အတွက် ဆွေးနွေးဖော် ဆွေးနွေးဖက် ဖြစ်နိုင်သည်ဟု အစ္စရေးဝန်ကြီးချုပ် အိုးလ်မတ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တောမီးလောင်ကျွမ်းမှု ကိုင်တွယ်ဖြေရှင်းရန် အင်ဒိုနီးရှား ရန်ပုံငွေထူထောင်

ဂျကာတာ ဇွန် ၁၈

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်မှုကို ကိုင်တွယ်ရန် တစ်နှစ်စာအတွက် ဌာနများမှရန်ပုံငွေထည့်ဝင်မှု ရူပီးငွေ ဘီလီယံ ၃၀၀ (ဒေါ်လာ ၃၃ သန်းခန့်)ကို ရရှိထားကြောင်း သစ်တောရေးရာဝန်ကြီး ကာဘန်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်း ရန်ပုံငွေ၏ ထက်ဝက်ကို သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်သူများ သက်သာချောင်ချိရေး ညှိနှိုင်းရေးဝန်ကြီးရုံးက ထည့်ဝင်ပြီး ကျန်ငွေကြေးထက်ဝက်ကို ပြည်နယ်အစိုးရအဖွဲ့များက ထည့်ဝင်ကြောင်း ကာဘန်က ပြောကြားသည်။ ရန်ပုံငွေထည့်ဝင်မည့် ပြည်နယ်ခုနစ် ပြည်နယ်မှ ပြည်နယ်တစ်ခုချင်းစီက ရူပီး ၁၀ ဘီလီယံ ပေးအပ်ခဲ့သည်ဟု အန်တာရာသတင်းဌာနက ကာဘန်ကို ကိုးကား၍ ဖော်ပြသည်။

တောမီးလောင်ကျွမ်းခဲ့သည့် ဒေသများ၏ ၇၈ ရာခိုင်နှုန်းသည် ပုဂ္ဂလိကပိုင်ဆိုင်သူများ ပိုင်ဆိုင်သည့် နေရာဖြစ်ပြီး ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ အနေဖြင့် တောမီးလောင်ကျွမ်းမှုပြဿနာ ဖြေရှင်းရန်အတွက် ပါဝင်ကြိုးပမ်းသင့်သည်ဟုကာဘန်ကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လုံခြုံရေးဆိုင်ရာ နည်းဥပဒေသစ် ဒူဘိုင်း၌အကောင်အထည်ဖော်မည်

အဘူဒါဘီ ဇွန် ၁၈

ခရီးသည်များ၏ ဝန်စည်စလယ်များတွင် အရည်များ၊ မှုတ်ဆေးဘူးများနှင့် အဆီပျစ်များယူဆောင်ခွင့်ဆိုင်ရာ လုံခြုံရေးနည်းဥပဒေသစ်များကို ဒူဘိုင်းနိုင်ငံတကာလေဆိပ်၌ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ခါလီတိုင်းမ်စ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

နိုင်ငံတကာ မြို့ပြလေကြောင်း ပျံသန်းမှုအဖွဲ့က ချမှတ်သည့် နည်းဥပဒေသစ်များ အာဏာတည်စေရန် ဒူဘိုင်းမြို့ပြလေကြောင်းပျံသန်းမှုဌာနက သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

နည်းဥပဒေသစ်များအရ ခရီးသည်များ၏ ဝန်စည်စလယ်များတွင် အရည်များကို ၁၀၀ မီလီလီတာထက် ပိုမဝင်သည့် ထည့်စရာများဖြင့် ထည့်၍ ယူဆောင်ခွင့်ပြုမည်ဖြစ်သည်။ ခရီးသည်များသည် ယင်းထည့်စရာများကို တစ်လီတာဝင်ထက် မကြီးသည့်ဖောက်ထွင်းမြင်နိုင်သော ပလတ်စတစ်အိတ်တစ်အိတ်ထဲတွင် ထုပ်ပိုးထားရမည်။ ထို့ပြင် လုံခြုံရေးဂိတ်၌ စစ်ဆေးခံရန် အရည်အားလုံးကို ပြသရမည်ဖြစ်သည်။

နည်းဥပဒေသစ်များအရ အကျုံးဝင်သည့် ပစ္စည်းများတွင် ရေ၊ ဖျော်ရည်၊ စွပ်ပြုတ်၊ သကြားရည်၊ အလှဆီ၊ လိမ်းဆေး၊ ဆီ၊ ရေမွှေး၊ မှုတ်ဆေးဘူး၊ ဆံပင်လိမ်းဆေး အဆီပျစ်၊ မုတ်ဆိတ်ရိတ်ဆပ်ပြာအမြှုပ်၊ အနံ့အသက်ပျောက်ဆေး၊ သွားတိုက်ဆေးနှင့် မျက်တောင်ခြယ်ဆေးတို့ ပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသတွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေကြသူများကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ပါကစ္စတန်တွင် ရေလွှမ်းမိုး ၁၅ဦး သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တောင်ထူထပ်သည့် ကျေးရွာတစ်ရွာတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလျှံမှု ဖြစ်ပွားသဖြင့် ကလေး ၁၂ဦး အပါအဝင် ၁၅ဦး သေဆုံးကာ လူ ၆၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အစ္စလမ္မာဘတ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ (၁၂၅မိုင်) ခန့်ရှိ ဘိုင်ဒရာကျေးရွာမှ အိမ်ခြေ ၃၂ လုံး ရေတိုက်စားခံရပြီး လူ ၅၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်ဟု အစိုးရ တာဝန်ရှိပုဂ္ဂိုလ် ဂျာဗက်က ရိုက်တာသတင်းဌာနသို့ပြောကြားသည်။

ရွာသား ၁၅ ဦး သေဆုံးသည်ဟု အတည်ပြုပြောကြားနိုင်ပြီး လူအများအပြား ရေးဘေးဒုက္ခ ခံရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီး ရေဘေးဒုက္ခသည်များကို ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းထားကြောင်း ဂျာဗက်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် ၃၆နာရီအတွင်း မိုးသက်မုန်တိုင်းကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ဖွယ် ရှိသည်ဟု မိုးလေဝသပညာရှင် ချောင်ဒရီက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အာဖဂန်နစ္စတန်တွင်ဗုံးပေါက်ကွဲ အပေါင်းပါတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူး ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် တနင်္ဂနွေနေ့မွန်းလွဲပိုင်းက လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်သုံးဦးနှင့် အာဖဂန်နိုင်ငံသားစကားပြန်တစ်ဦးတို့ သေဆုံးကြောင်း အပေါင်းပါတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အပေါင်းပါတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် မော်တော်ယာဉ်အနီး၌ မွန်းလွဲ ၁နာရီခွဲက လမ်းဘေးဗုံးပေါက်ကွဲကာ တပ်ဖွဲ့ဝင်များသေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်အရ သိရှိရသည်။ တပ်ဖွဲ့ဝင်များသေဆုံးကြောင်း ၎င်းတို့၏မိသားစုများထံ အကြောင်းကြားနေစဉ်ဖြစ်၍ ၎င်းတို့၏ အမည်များနှင့် နိုင်ငံသားအမည်များကို ထုတ်ဖော်ခြင်း မရှိသေးပေ။ သို့ရာတွင် အီရတ်တွင် တာဝန်ထမ်းဆောင်နေသူအများစုမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဘာလင်မြို့ တိရစ္ဆာန်ရုံတွင် လသားအရွယ် ရေမြင်းပေါက်တစ်ကောင်ကို ဇွန်၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စစ်တကောင်းတွင် မြေပြိုမှုအန္တရာယ်တွေ့ကြုံနိုင်

ဒါကာ ဇွန် ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း စစ်တကောင်းမြို့၏ တောင်ခြေဒေသ၌ နေထိုင်သူ ၅၀၀၀၀ ကျော်သည် မြေပြိုမှုဘေးအန္တရာယ်ကို တွေ့ကြုံရနိုင်ကြောင်း ဒေးလီးစတားသတင်းစာက ဇွန် ၁၇ ရက်တွင် ဖော်ပြထားသည်။ စစ်တကောင်းမြို့ရှိ ပျံကျရပ်ကွက် ၁၈၁၄ ခုခန့်တွင် စက်ရုံလုပ်သားများ၊ အလုပ်ကြမ်းသမားများနှင့် ကြုံရာကျပန်းလုပ်ကိုင်သူများဖြစ်သည့် လူပေါင်း ၁၄၀,၀၀၀ အနက် ၁၀၀,၀၀၀ခန့်နေထိုင်လျက်ရှိကြောင်း၊ ၎င်းတို့အနက်လူပေါင်း ၅၀,၀၀၀ကျော်မှာ တောင်ခြေနေရာများတွင် နေထိုင်သူများဖြစ်ကြောင်း စစ်တကောင်းမြို့ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့(စီဒီအေ)မှ နောက်ဆုံးကောက်ယူချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဂါဇာဒေသသို့ လောင်စာပေးပို့မှု အစ္စရေးတို့ ဖြတ်တောက်ထား

ဂျေရုဆလင် ဇွန် ၁၉

ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့များ ထိန်းချုပ်ထားသည့် ဆင်းရဲနွမ်းပါးသော ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ အစ္စရေးတို့က ပို့လွှတ်ပေးနေသည့် လောင်စာများကို ဇွန် ၁၇ ရက်မှစ၍ ဖြတ်တောက်ကြောင်း ကြေညာခဲ့သည်။

ပြောကြား

ထိုသို့ဆောင်ရွက်ခြင်းသည် အစ္စရေးတို့က ဟားမတ်စ်အုပ်စုများအပေါ် တိုးမြှင့်၍ ဖိအားပေးခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ယခုအခါ ဂါဇာကမ်းမြောင်ဒေသအတွင်းရှိ မော်တော်ယာဉ်များ အသုံးပြုရန်နှင့် ချက်ရေးပြုတ်ရေးအတွက်သုံးစွဲရန် လောင်စာ နှစ်ရက်စာသာ လက်ကျန်ရှိတော့သည်ဟု ပါလက်စတိုင်း လောင်စာကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ဒေါ်အာလောအမည်ရှိ အစ္စရေးလောင်စာစွမ်းအင်ကုမ္ပဏီသည် ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာပေးပို့နေသော ကုမ္ပဏီဖြစ်သည်။ အစ္စရေးကုမ္ပဏီအနေဖြင့် အခြားသောလုပ်ငန်းသုံး လောင်စာများကို ဖြတ်တောက်ထားမည်ဖြစ်သော်လည်း ဂါဇာရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့မူ လောင်စာများ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း အစ္စရေး အခြေခံအဆောက်အအုံလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းမရှိစေရန် ဓာတ်အားပေးစက်ရုံများသို့ လောင်စာများပေးပို့မည်ဖြစ်သော်လည်း အသေးစားဓာတ်ဆီဆိုင်များသို့ လောင်စာပေးပို့နေခြင်းကိုမူ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဒေါ်အာလာ လောင်စာကုမ္ပဏီက ကြေညာသည်။

ဂါဇာဒေသသို့ လျှပ်စစ်ဓာတ်အားများနှင့် ရေပို့လွှတ်ရေးလုပ်ငန်းကို အစ္စရေးတို့က လုပ်ဆောင်လျက်ရှိရာ ထိုလုပ်ငန်းများကို ထိခိုက်အောင် ဆောင်ရွက်မည် မဟုတ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရှေးဟောင်းပစ္စည်းဈေးကွက် တစ်နေရာကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နယူးဇီလန်လေယာဉ်ငယ် အရေးပေါ်ဆင်းသက်

ဝယ်လင်တန် ဇွန် ၁၈

နယူးဇီလန်နိုင်ငံမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဘီးချမရသည့် အခက်အခဲနှင့်ကြုံတွေ့ရသဖြင့် ဇွန် ၁၈ ရက်က ဘာလင်ဟင်မြို့ဝုဒ်တောင်းလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။ လေယာဉ်ကို ဝမ်းဗိုက်ဖြင့်ရှပ်၍ဆင်းခဲ့ရသော်လည်း ခရီးသည်တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိဟု သိရသည်။

လေယာဉ်ငယ်ပေါ်တွင် ခရီးသည် ၁၅ ဦးနှင့် လေယာဉ်အဖွဲ့သားနှစ်ဦးတို့ လိုက်ပါလာကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ ကိုယ်ဝန်ဆောင်ခရီးသည်တစ်ဦးမှာမူ ထိတ်လန့်သွားသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီဂြိုဟ်တုကို ရုရှားဒုံးပျံဖြင့် လွှတ်တင်

မော်စကို ဇွန် ၁၈

ဂျာမနီနိုင်ငံ တာရာဆာအိပ်စ်ရေဒါဂြိုဟ်တုကို ရုရှားဒုံးပျံဖြင့် ဇွန် ၁၅ ရက်က ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်လိုက်ကြောင်း အီတာတာ့စ်နှင့် အင်တာဖက်စ်သတင်းဌာနတို့က သတင်းထုတ်လွှင့်ခဲ့သည်။

အဆိုပါဒုံးပျံကို မော်စကို ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၄ မိနစ်က ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနူး အာကာသ လွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ်ကို ၁၉၉၀ ပြည့်နှစ်ပိုင်းတွင် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က စတင်အကောင်အထည် ဖော်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်တွင် မီးလောင် ငါးဦး အသက်ဆုံးရှုံး

ပါရီ ဇွန် ၁၈

ပြင်သစ်နိုင်ငံတောင်ပိုင်း မိုဆက်မြို့တွင် အိမ်တစ်အိမ်မီးလောင်မှု ဖြစ်ပွားရာ အိမ်အတွင်း၌ ပိတ်မိနေသော ငါးဦးသေဆုံးသွားကြောင်း ဇွန် ၁၇ ရက်တွင် ထွက်ပေါ်လာသည့်သတင်းက ဖော်ပြသည်။

အောက်ထပ်မှ လောင်ကျွမ်းသော မီးကြောင့် အထက်ထပ်မှ လူများမပြေးနိုင်ဘဲ ပိတ်မိသွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးက အိုင်တယ်လီရုပ်မြင်သံကြားသို့ ပြောကြားသည်။

မီးသတ်ယာဉ်များ ရောက်ရှိလာသော်လည်း နောက်ကျနေသဖြင့် အဆောက်အအုံမှာ မီးလောင်ကျွမ်းပြီး လူငါးဦးမှာ သေဆုံးနေပြီဖြစ်သည်။

ယခုမီးလောင်မှု မည်သည့်အတွက်ကြောင့် မီးလောင်ရသည်ကို စုံစမ်းနေဆဲဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ဘက်တန်ဒေသ ကာဘီးလ်မြို့ရှိ ဆီအုန်းစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဇွန်၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဘိုရင်း–၇၈၇ ဒရင်းလိုင်နာ ခရီးသည်တင်လေယာဉ်၏ လေယာဉ်မောင်းခန်းကို ဇွန်၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ ရှုံးနိမ့်မှုတစ်ရပ်နှင့် တွေ့ကြုံရ

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်အစိုးရ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲမှာ ရှုံးနိမ့်မှုတစ်ရပ်နှင့် တွေ့ကြုံရကြောင်း၊ အယ်လ်ခိုင်ဒါအကြမ်းဖက်သမားအဖြစ် စွပ်စွဲခံထားရသူ တစ်ဦးအား အမေရိကန်စစ်ဘက်က ချုပ်နှောင်ထားမှုကို ပြန်လည် လွှတ်ပေးရန် တရားသူကြီးများက ဆုံးဖြတ်လိုက်သောကြောင့်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ အကြမ်းဖက်သမားမှာ ကာတာနိုင်ငံသား အလီအယ်လ်မာရီ (၄၁နှစ်)ဖြစ်သည်။ အယ်လ်မာရီအား ရုံးတင်စွဲချက်တင်ခြင်းမရှိပါက ၎င်းကို အမေရိကန်မြေပေါ်တွင် ထားပိုင်ခွင့်မရှိကြောင်း ဗာဂျီးနီးယားပြည်နယ် ရစ်ချ်မွန်းမြို့ရှိ ဖက်ဒရယ်အယူခံတရားရုံးတော်က ဆုံးဖြတ်လိုက်သည်။ အမေရိကန်အစိုးရသည် မာရီအား ရုံးတင်စစ်ဆေးခြင်းမပြုဘဲ ကာလအကန့်အသတ်မရှိ စစ်ဘက်က ထိန်းသိမ်းထားရန်မဖြစ်နိုင်ကြောင်း တရားသူကြီးများ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

မာရီသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ နယူးယောက်နှင့် ဝါရှင်တန်တို့တွင် အကြမ်းဖက် တိုက်ခိုက်မှုကြီး မပေါ်ပေါက်မီ တစ်ရက်အလိုတွင်ဖြစ်သည်။ နောက်သုံးလအကြာတွင် မာရီအဖမ်းခံခဲ့ရသည်။

အင်တာနက်။

အင်ဒီးစ်တောင်တန်းတွင် နှင်းမုန်တိုင်းတိုက်ခတ် ထရပ်ကားများ သောင်တင်

ဗျူနိုအေရီ ဇွန် ၁၈

အာဂျင်တီးနားနိုင်ငံအား ချီလီနိုင်ငံနှင့် ဆက်သွယ်ပေးထားသည့် အဓိကတောင်ကြားလမ်းကို နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပိတ်လိုက်ရသဖြင့် ထရပ်ကား ၆၀၀၀ ကျော် လမ်းခရီးတွင် သောင်တင်နေကြောင်း၊ အင်ဒီးစ်တောင်တန်းဒေသတွင် လေးရက်တိုင်တိုင် နှင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် တောင်ကြားလမ်းကို ပိတ်လိုက်ရခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။ ပင်လယ်ရေမျက်နှာပြင်အထက်မီတာ ၃၈၀၀ အမြင့်ရှိ ခရစ္စရီဒင်းမာ တောင်ကြားလမ်းအား ဖြတ်သန်းမောင်းနှင်ရန် ကားအရေအတွက် အနည်းငယ်ခန့်ကိုသာ ခွင့်ပြုပေးခဲ့ကြောင်း အာဂျင်တီးနား အဝေးပြေးလမ်း သယ်ယူပို့ဆောင်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ အန်နက်စတိုအာရီဂါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ဆာရောဂါကာကွယ်ဖို့ ဗီတာမင်ဒီ သောက်ကြစို့

ပါမောက္ခဒေါက်တာပိုင်စိုး

ဗီတာမင်ဒီသည် ကလာပ်စည်း(cell)များ ပုံမှန်အလုပ်လုပ်ဆောင်ရန်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးရန် လိုအပ်သောကြောင့် ကျန်းမာရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

လွန်ခဲ့သော ရက်အနည်းငယ်က ကနေဒါနိုင်ငံ ကင်ဆာအဖွဲ့အစည်းတစ်ခုမှ တစ်နိုင်ငံလုံးသို့ တရားဝင် ထုတ်ပြန်ခဲ့သော ဗီတာမင်ဒီနှင့် ပတ်သက်၍ ကင်ဆာရောဂါများကို ကာကွယ်နိုင်စွမ်းရှိသည့် သုတေသနတွေ့ရှိချက်များကို ထပ်မံတင်ပြလိုပါသဖြင့် ဤဆောင်းပါးကို ဆက်လက်ရေးသားရခြင်း ဖြစ်ပါသည်။

ဗီတာမင်ဒီ ချို့တဲ့လျှင် ကင်ဆာရောဂါများ၊ နှလုံး၊ သွေးတိုး၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါများ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိပြီးဖြစ်သည်။ ခန္ဓာကိုယ်သည် ဗီတာမင်ဒီကို နေရောင်ခြည်မှတစ်ဆင့် ဖွဲ့စည်းရသောကြောင့် ဗီတာမင်ဒီချို့တဲ့မှုကို အီကွေတာနှင့်ဝေးသော နေရာများ၊ အသက်ကြီးသူများ၊ အိမ်ပြင်သို့ထွက်ခဲသူများနှင့် တစ်ကိုယ်လုံးလုံခြုံအောင် ဝတ်ဆင်တတ်သူများတွင် ပို၍တွေ့ရသည်။ ဗီတာဒီချို့တဲ့မှုသည် အမေရိကန်နိုင်ငံသားများ၌ တစ်နိုင်ငံလုံး၏ ၄၀ ရာခိုင်နှုန်းဖြစ်ပွားပြီး ဆရာဝန်နှင့် ဆေးကျောင်းသားများ၌ ၃၂ ရာခိုင်နှုန်း၊ အသက်ကိုးနှစ်မှ ၁၁နှစ်ကြား မိန်းကလေးများ၌ ၄၈ ရာခိုင်နှုန်း၊ အမေရိကန်ရှိ ကိုယ်ဝန်ဆောင်နိုင်သောအရွယ် အာဖရိကအမျိုးသမီးများတွင် ၄၂ ရာခိုင်နှုန်း၊ ဆေးရုံရှိလူနာများ၌ ၆၀ ရာခိုင်နှုန်းနှင့် အိမ်တွင်းရှိ လူနာများတွင် ၈၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။ ကိုယ်ဝန်ဆောင်များ၏ ၇၆ ရာခိုင်နှုန်းရှိကြောင်း သုတေသနပြုလုပ် တွေ့ရှိခဲ့ကြပါသည်။ ကိုယ်ဝန်ဆောင်များ၏ ၇၆ ရာခိုင်နှုန်းသည် ဗီတာမင်ဒီ အလွန်အမင်း ချို့တဲ့နေပြီး ဝမ်းတွင်းရှိကလေးများ၏ ၈၁ ရာခိုင်နှုန်းတွင်လည်း ဗီတာမင်ချို့တဲ့မှုဖြစ်စေကာ မွေးဖွားပြီးသော ကလေးများတွင် ဆီးချို၊ အဆစ်ရောင်ရောဂါနှင့် စိတ်ကစဉ့်ကလျားရောဂါများ ဖြစ်ပေါ်နိုင်သည်။

ဗီတာမင်ဒီကို နေရောင်ခြည်မှ အများဆုံးရရှိနိုင်ပြီး အချို့သော အစားအသောက်များမှလည်း ရရှိနိုင်ပါသည်။ နေရောင်ခြည်မှ ရရှိရာတွင် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီကြား နေရောင်ခြည် အပူရှိန်ပြင်းပြင်းထဲတွင် အနည်းဆုံး တစ်နေ့လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် ခန္ဓာကိုယ်ရှိ အရေပြားနှင့် တိုက်ရိုက်ထိတွေ့ရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗီတာမင်ဒီကိုဖြစ်စေသော UVB ရောင်ခြည်ကို ထိုအချိန်အတွင်း၌သာ လုံလောက်စွာ ရနိုင်သောကြောင့်ဖြစ်သည်။

သို့ရာတွင် ၎င်းနေရောင်ခြည်တွင် အရေပြားကင်ဆာဖြစ်စေသော ရောင်ခြည်လည်း ပါဝင်နေပါသည်။ နေပူခံလိမ်းဆေး လိမ်းထားသောသူများနှင့် အဝတ်အကာအကွယ် ဝတ်ထားသောသူများအတွက်မူ ဗီတာမင်ဒီပါဝင်သော ရောင်ခြည်မထိုးဖောက်နိုင်ပေ။ အသားရောင်ရင့်သူများသည် အသားရောင်ဖျော့သူများထက် နေရောင်ခြည်ကို ထိတွေ့ရန် ၁၀ ဆခန့်ပို၍ လိုအပ်ပါသဖြင့် အသားရောင်ရင့်သူများသည် အရေပြားကင်ဆာဖြစ်နိုင်ခြေ ပိုများသည်။ အချို့သော အနောက်တိုင်းသုတေသီများသည် နေရောင်ခြည်ကို မိနစ်အနည်းငယ်မျှ ကိုယ်ခန္ဓာကို တိုက်ရိုက်ထိတွေ့စေခြင်းဖြင့် အရေပြားကင်ဆာ ဖြစ်ပွားမှုများကြောင်း စမ်းသပ်တွေ့ရှိခဲ့ကြပါသည်။

နေအိမ်နှင့်ရုံးခန်းများ၌သာ အလုပ်လုပ်ကိုင်နေကြသူများ၊ နေရောင်နှင့် မထိတွေ့ဘဲ အိမ်အတွင်းတွင်သာ နေထိုင်သူများ၊ တစ်ကိုယ်လုံးလုံခြုံအောင် ဝတ်ဆင်ထားသူများနှင့် အသားရောင်ရင့်သူများတွင် ဗီတာမင်ဒီရရှိမှု အခွင့်အလမ်း ပိုမိုနည်းပါးပါသည်။

နေရောင်ခြည်လုံလောက်စွာရရှိသော အီကွေတာအနီးတစ်ဝိုက်နှင့် ကမ္ဘာ့တောင်ဘက်ရှိ ပူနွေးသော နိုင်ငံများတွင်ပင် ဗီတာမင်ဒီကို နေမှ လုံလောက်စွာ ရရှိနိုင်မှုမှာ ယခုခေတ် နေထိုင်မှုပုံစံနှင့်ဆိုလျှင် မသေချာတော့ပါ။ ကမ္ဘာ့မြောက်ဘက်နိုင်ငံများတွင်မူ အချို့သော ဆောင်းရာသီ၊ မိုးရာသီများတွင် နေရောင်ခြည်ကို လုံးဝ မတွေ့မမြင်ရ၍ ဗီတာမင်ဒီချို့တဲ့မှုမှ ကာကွယ်ရန်အတွက် ဗီတာမင်ဒီကို ဖြည့်စွက်သောက်သုံးသင့်ပါသည်။

ဗီတာမင်ဒီကို အစားအသောက်များ အထူးသဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ တူနာငါးနှင့် ဆော်လမွန်ငါးတို့မှ ရရှိနိုင်ပါသည်။ သို့သော် တစ်နေ့လျှင် ဖန်ခွက်အကြီးနှင့် နို့ ၁၀ ခွက် သောက်သုံးမှသာ တစ်နေ့တာအတွက် လုံလောက်သော ဗီတာမင်ဒီ ၁၀၀၀ ယူနစ် (IU) ရရှိမည်ဖြစ်ပါသည်။

အချို့သော အနောက်တိုင်း သုတေသီများသည် နေရောင်ခြည်ကို မိနစ်အနည်းငယ်မျှ ကိုယ်ခန္ဓာကို တိုက်ရိုက်ထိတွေ့စေခြင်းဖြင့် အရေပြားကင်ဆာ ဖြစ်ပွားမှုများကြောင်း စမ်းသပ်တွေ့ရှိခဲ့ကြသည်။ သို့ဖြစ်၍ ခန္ဓာကိုယ်အတွက် လုံလောက်သော ဗီတာမင်ဒီရရှိရန် အစားအသောက်နှင့် နေရောင်ခြည်ကိုသာ မှီခိုအားထား၍ မဖြစ်နိုင်ပါ။ ဗီတာမင်ဒီကို သောက်ဆေးအဖြစ် နေ့စဉ်မှီဝဲရန် လိုအပ်ကြောင်း သုတေသီများက တင်ပြဆွေးနွေးခဲ့ကြသည်။

ဗီတာမင်ဒီ၏ ကင်ဆာရောဂါကာကွယ်သော သုတေသနများ

ယခုအခါ သုတေသီများ၏ စမ်းသပ်ချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာရောဂါများကို ကာကွယ်တားဆီးနိုင်မည့် ဗီတာမင်ဖြစ်ကြောင်းကို အထောက်အထားများနှင့် တင်ပြခဲ့ကြသည်။

၂၀၀၀ မှ ၂၀၀၅ ခုနှစ်အတွင်း အသက် ၅၅ နှစ်အထက် အမျိုးသမီး ၁၁၇၉ ဦးအား သုတေသန ပြုလုပ်ခဲ့ပါသည်။ ၎င်းသုတေသနတွင် အုပ်စုသုံးစုခွဲ၍ တစ်အုပ်စုအား ၁၅၀၀ ဂရမ်ရှိ ကယ်လ်ဆီယမ်ဆေး ပြားများတိုက်ကျွေး၍ နောက်တစ်အုပ်စုအား ဗီတာမင်ဒီ ၁၀၀၀ ယူနစ်နှင့် ကယ်လ်ဆီယမ်ဆေးပြားများ တိုက်ကျွေးကာ ကျန်အုပ်စုအား မည်သည့်ဆေးမျှ မတိုက်ကျွေးဘဲ သုတေသနပြုလုပ် စမ်းသပ်ခဲ့ပါသည်။ ၎င်းသုတေသနတွေ့ရှိချက်အရ ဗီတာမင်ဒီ ပါဝင်တိုက်ကျွေးသော အုပ်စုမှာ ကင်ဆာရောဂါဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကနေဒါနိုင်ငံရှိ လေးနှစ်တာ သုတေသနတွေ့ရှိချက်အရ အမျိုးသမီး ၁၂၀၀အား ဗီတာမင်ဒီ-၃ နေ့စဉ်တိုက်ကျွေးသောအုပ်စုနှင့် မတိုက်ကျွေးသောအုပ်စုဟူ၍ နှစ်စုခွဲပြီး နှိုင်းယှဉ်လေ့လာခဲ့ပါသည်။

ဗီတာမင်ဒီ-၃ နေ့စဉ် တိုက်ကျွေးသောအုပ်စုတွင် အူမကြီးနှင့် အညစ်အကြေးအိတ်ကင်ဆာ၊ ရင်သားကင်ဆာဖြစ်ပွားမှု ရာခိုင်နှုန်း ၆၀ နည်းပါးသွားကြောင်း တွေ့ရှိရသည်ဟု ဆိုပါသည်။

အင်္ဂလန်နိုင်ငံ ဘရင်ဟန်တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်တွင် ပြုလုပ်သော သုတေသနတွေ့ရှိချက်များအရ မီးယပ်သွေးဆုံးသော အမျိုးသမီးများ၌သာမက သွေးမဆုံးသေးသော အမျိုးသမီးများတွင် ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီကြွယ်ဝသော အစားအစာများကို လုံလောက်စွာ စားသုံးခြင်း၊ ဆေးအနေဖြင့် ဖြည့်စွက်သောက်သုံးခြင်းသည် ရင်သားကင်ဆာဖြစ်ပွားမှုကို လျော့ချနိုင်ကြောင်း သိရပါသည်။ အမေရိကန်နိုင်ငံ ကင်ဆာအဖွဲ့အစည်းမှ သုတေသီများက ဗီတာမင်ဒီနှင့် ကယ်ဆီယမ်ပေါင်းစပ်သုံးစွဲခြင်းဖြင့် ကင်ဆာဖြစ်ပွားမှုကို သိသိသာသာ လျော့သွားကြောင်း တွေ့ရှိတင်ပြထားပြီး တစ်နေ့လျှင် ဗီတာမင်ဒီ ၁၀၀၀ မှ ၁၅၀၀ ယူနစ်ခန့် သောက်သုံးသင့်ကြောင်း အကြံပြုခဲ့ကြပါသည်။

ကနေဒါနိုင်ငံကင်ဆာအဖွဲ့စည်းမှ ဗီတာမင်ဒီနှင့်ပတ်သက်၍ တိုက်တွန်းနှိုးဆော်ချက်

အနောက်နိုင်ငံ ကင်ဆာအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့်အညစ်အကြေးအိတ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့မဖြစ်အောင် ကာကွယ်ပေးနိုင်သော အာနိသင်ရှိသည့်အတွက် အလွယ်တကူရရှိနိုင်၍ ဈေးနှုန်းသက်သာသော ဗီတာမင်ဒီကို နေ့စဉ်သောက်သုံးသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

၎င်းကင်ဆာအဖွဲ့၏ အကြံပြုတိုက်တွန်းချက်မှာ–

- **ကနေဒါနိုင်ငံရှိ လူရွယ်များအားလုံး နေ့စဉ် ဗီတာမင်ဒီ ၁၀၀၀ ယူနစ်ကို မိုးရာသီနှင့် ဆောင်းရာသီများတွင် သောက်သုံးရန်**
- **ဗီတာမင်ဒီနည်းသည်ဟု ယူဆရသော လူများနှင့် လူရွယ်များအားလုံး တစ်နှစ်ပတ်လုံးနေ့စဉ် ဗီတာမင်ဒီ ၁၀၀၀ ယူနစ်ကို သောက်သုံးရန်**

ဗီတာမင်ဒီနည်းသည်ဟု ယူဆရသောသူများမှာ–

- **အသက်အရွယ်ကြီးရင့်သူ**
- **အသားအရောင်ရင့်သူ**
- **အိမ်အပြင်သို့ထွက်ခဲသူ**
- **တစ်ကိုယ်လုံး လုံခြုံအောင် အဝတ်အစားများ ဖုံးအုပ်ထားသူ**

၎င်းအကြံပြုချက်များမှာ ကလေးငယ်များအတွက် အကျုံးမဝင်ပါ။ ကလေးငယ်များအတွက် ဗီတာမင်ဒီ လိုအပ်မှုနှင့် အကျိုးသက်ရောက်မှုကို ဆက်လက် သုတေသနပြုလုပ်နေပါသည်။

နေရောင်ခြည်ကို ထိတွေ့ခြင်းဖြင့် အရေပြားထဲတွင် ဗီတာမင်ဒီကို ဖြစ်ပေါ်စေသည်။ ၎င်းဗီတာမင်ဒီသည် ဗီတာမင်ဒီ-၃ ဟုခေါ်သော Cholecalciferol ဖြစ်သည်။

ဗီတာမင်ဒီတွင် ဗီတာမင်ဒီ-၃ကို တိရစ္ဆာန်များမှရရှိပြီး ၎င်းသည် အပင်မှရရှိသော ဗီတာမင်ဒီ-၂ထက် အာနိသင် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ လူအများစု သောက်သုံးနေသော အားဆေးများထဲတွင် ဗီတာမင်ဒီ-၂သာ ပါဝင်မှုများ၍ ဗီတာမင်ဒီ-၃ မှာ အစားသောက်မှ ရရှိရန် အားထားနေရသည်။

ဗီတာမင်ဒီသည် ဆဲလ်ကြီးထွားခြင်းကို ညှိနှိုင်းခြင်းဖြင့် ဇီဝဖြစ်စဉ်များကို ကူညီပေးပြီး ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ ယခင်က ဗီတာမင်ဒီကို နေ့စဉ် ၂၀၀ မှ ၆၀၀ ယူနစ်အတွင်းသာ လိုအပ်သည်ဟု ဆိုခဲ့သော်လည်း ယခုသုတေသန တွေ့ရှိချက်များအရ နေ့စဉ် ၁၀၀၀ ယူနစ် စားသုံးရန်လိုကြောင်း သိရှိခဲ့ရပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဗီတာမင်ဒီသည် ဆဲလ်ကြီးထွားခြင်းကို ညှိနှိုင်းခြင်းဖြင့် ဇီဝဖြစ်စဉ်များကို ကူညီပေးပြီး ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ ယခင်က ဗီတာမင်ဒီကို နေ့စဉ် ၂၀၀ မှ ၆၀၀ ယူနစ်အတွင်းသာ လိုအပ်သည်ဟု ဆိုခဲ့သော်လည်း ယခုသုတေသန တွေ့ရှိချက်များအရ နေ့စဉ် ၁၀၀၀ ယူနစ် စားသုံးရန်လိုကြောင်း သိရှိခဲ့ရပါသည်။

အနောက်နိုင်ငံ ကင်ဆာအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အညစ်အကြေးအိတ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့မဖြစ်အောင် ကာကွယ်ပေးနိုင်သော အာနိသင်ရှိသည့်အတွက် အလွယ်တကူရရှိနိုင်၍ ဈေးနှုန်း သက်သာသော ဗီတာမင်ဒီကို နေ့စဉ် သောက်သုံးသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၉

ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပရဆေးဥယျာဉ် နေပြည်တော်ကို နိုင်ငံတကာအဆင့်မီဖြစ်အောင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် အပင်များ စုဆောင်းထားရှိ စိုက်ပျိုးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ပရဆေးဥယျာဉ် နေပြည်တော်တွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အမြဲစိမ်းလန်းစိုပြည်စေရန်နှင့် မျက်စိပသာဒ ဖြစ်စေရန် စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးမည့် အလုပ်ငန်းများ စုဆောင်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပရဆေးဥယျာဉ်၏ လမ်း၊ ရေကန်၊ အဆောက်အအုံများ ဆက်လက်ဆောင်ရွက်နေမှု၊ထပ်မံရရှိလာသော မြေဧရိယာကို ဝန်ကြီးဌာနများအတွက် ခွဲဝေရန် ဆောင်ရွက်ထားရှိမှုများ၊ ဓာတ်ခွဲခန်းနှင့် သုတေသန အဆောက်အအုံ၊ စာကြည့်တိုက်၊ ပြတိုက်တို့ ဆောက်လုပ်ရန်စီစဉ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမျိုးသားအဆင့် နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး အချိန်တိုအတွင်း အောင်မြင်စွာ ပေါ်ပေါက်လာမှုနှင့် ပရဆေးပင်များ စုဆောင်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြည်နယ်၊ တိုင်းအလိုက် ပရဆေးပင်များ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါတို့အတွက် ပရဆေးပင်များ စုဆောင်းထားရှိမှုနှင့် အခြားဝန်ကြီးဌာနများမှ ပရဆေးပင်များလိုအပ်လျှင် ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ပရဆေးဥယျာဉ်အတွင်း ဆောက်လုပ်မည့် ဓာတ်ခွဲခန်းနှင့် သုတေသန အဆောက်အအုံ၊ စာကြည့်တိုက်၊ ပြတိုက်တို့၏ အဆောက်အအုံ ပုံစံငယ်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်မည့်အချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသော ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတည်ဆောက် ဂုဏ်မြောက်တာဝန် ကျေပွန်အင်အား မြန်မာအမျိုးသမီးများ

ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပရဆေးဥယျာဉ် နေပြည်တော်တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကူးစက်ရောဂါများ ကူးစက်ခြင်းမှ ကာကွယ်ထိန်းချုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ယမန်နေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်–၃၀၀) သင်တန်းခန်းမ၌ ကျင်းပသော ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ကူးစက်ရောဂါများ ကူးစက်ခြင်းမှ ကာကွယ်ထိန်းချုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းကို ပြုလုပ်ရခြင်းမှာ ကူးစက်ရောဂါများသည် ပြင်ပတွင်သာမက ဆေးရုံတွင်းမှာပါ ကူးစက်နိုင်၍ ကာကွယ်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းရေး၊ လူနာဆောင်များ သန့်ရှင်းရေး၊ အထူးကြပ်မတ် ကုသဆောင်များ သန့်ရှင်းရေး၊ ခွဲစိတ်ခန်းအတွင်း သန့်ရှင်းရေးတို့ကို အထူးသတိထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဆေးရုံဝန်ထမ်းများအနေဖြင့် လက်သန့်ရှင်းရေးသည် အရေးကြီးသော အချက်ဖြစ်ကြောင်း၊ ဆေးရုံသုံးပစ္စည်းများမှ ကူးစက်မှုများ ကာကွယ်ရန် အစဉ်ဂရုပြု ထိန်းသိမ်းရမှာဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင်လည်း ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင်၊ အန္တရာယ်မရှိအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မိမိဆေးရုံကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍအားလုံးမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ကူးစက်ရောဂါများကူးစက်ခြင်းမှ ကာကွယ်ထိန်းချုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအလုပ်ရုံဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ ခရိုင်ဦးစီးမှူး စုစုပေါင်း ၄၂ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကို သုံးရက်တာကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▶ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ကယ်လီဖိုးနီးယား တက္ကသိုလ်ပါမောက္ခ၏ တွေ့ရှိချက်အရ ဗီတာမင်ဒီ ပါဝင်သော အစားအစာများကို စားသုံးမှုတစ်ခုတည်းဖြင့် လုံလောက်သော ပမာဏ မရရှိနိုင်ပါ။ ပူပြင်းသော နေ့လယ် နေရောင်ခြည်ကို ၁၅မိနစ်ခန့် ထိတွေ့ခြင်းဖြင့် လုံလောက်သော ဗီတာမင်ဒီကို ရရှိနိုင်သော်လည်း အရေပြားကင်ဆာဖြစ်နိုင်သော ဆိုးကျိုးရှိနေပေသည်။ သို့ဖြစ်၍ ဗီတာမင်ဒီပါဝင်သော အစားအစာများကိုစားသုံးခြင်း၊ နေပူစာ အနည်းငယ်လှုံခြင်းအပြင် ဆေးအနေဖြင့် ဖြည့်စွက်စားသုံးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

သို့ရာတွင် ဗီတာမင်ဒီများသွားလျှင်လည်း ကိုယ်ခန္ဓာတွင် အဆိပ်အတောက် ဖြစ်နိုင်၍ နုံးချည့်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မူးဝေအော့အန်ခြင်းနှင့် ဝမ်းချုပ်ခြင်း စသည့် လက္ခဏာများကို ခံစားရမည်ဖြစ်သည်။ ထို့ပြင် ဗီတာမင်ဒီလွန်ကဲလျှင် သွေးထဲရှိ ကယ်လ်ဆီယမ်ပမာဏကို မြင့်တက်စေပြီး စိတ်ရှုပ်ထွေးခြင်းနှင့် ဂနာမငြိမ်ဖြစ်ခြင်းတို့ကို ဖြစ်စေသည်။ တစ်နေ့လျှင် ဗီတာမင် ၂၀၀၀ ယူနစ်ထက် ပို၍မသောက် သုံးသင့်ကြောင်းကိုလည်း ယခုအခါ ပြင်ဆင်သတ်မှတ်ကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုအား ဗီတာမင်ဒီနှင့်ပတ်သက်၍ ကင်ဆာရောဂါ ကာကွယ်နိုင်စွမ်းရှိသော သုတေသနတွေ့ရှိချက်များကို စုစည်းတင်ပြခြင်းဖြင့် ကျန်းမာရေးအသိပညာ ရရှိစေပြီး ကုန်ကျမှုသက်သာစွာဖြင့် ထိရောက်သော ကင်ဆာရောဂါအမျိုးမျိုး ကာကွယ်နိုင်စွမ်းကို ရရှိကြမည်ဖြစ်ကြောင်းနှင့် ပြီးခဲ့သော ဆောင်းပါးတွင် ဖော်ပြထားသည့်အတိုင်း နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွားဖုံးရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း ဝမ်းသာစရာသတင်းကောင်းကို ပါးအပ်ပါသည်။ ။

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ Biotechnology Speciality Group ၏ Biotechnology Forum(2) ဟောပြောပွဲကို ဇွန် ၃၀ ရက် နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်းခန်းမ(အေ)၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဒေါက်တာဦးသိန်းသန်းက Overview of Biotechnology Role in Every-day Life ကိုလည်းကောင်း၊ ပါမောက္ခ ဒေါ်ကြည်ကြည်သင်းက Highlights of Nanotechnology and Nanomedicine ကိုလည်းကောင်း၊ ပါမောက္ခ ဦးမျိုးဝင်းက Genetics of Human Longevity : New Ideas and Findings ကို လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ Medical, non-medical မည်သူမဆို ဆေးတက္ကသိုလ်(၁) လမ်းမတော် အဏုဇီဝဗေဒဌာန (သို့) ဆေးတက္ကသိုလ်(၁) ပြည်လမ်း ဇီဝဓာတုဗေဒဌာနတို့တွင် ဇွန် ၂၅ရက်မှ ၂၉ရက်အထိ နံနက် ၁၀နာရီခွဲမှ ညနေ ၄နာရီအတွင်း မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေးဆိုင်ရာများ အောင်မြင်အောင် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပျိုးကိုင်း၊ ပျိုးစေ့အိတ်နှင့် ပျိုးပင်ပေါက်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများထံ ပေးအပ်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ၏ စုပေါင်းစိုက်ပျိုးပွဲကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝိုင်းမော်မြို့နယ် ခါးရှိကျေးရွာ မြစ်ကြီးနား–ဗန်းမော် ကားလမ်းမကြီးအနီးရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မြို့နယ်တာဝန်ခံတို့က ငါးမွေးမြူထုတ်လုပ်ရောင်းချမှု လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ငါးသားပေါက်ကန်နှင့် ငါးမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုတ်လွဲကျေးရွာနှင့် ခတ်ချိုကျေးရွာ လမ်းပိုင်းအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာက မုတ်လွဲ–ခတ်ချိုရွာ လမ်းပိုင်း ကတ္တရာလမ်းခင်းပြီးစီးမှု၊ ကုန်ကြမ်းစုဆောင်းရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများကို တင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း မိတ္ထီလာခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဇွန် ၁၇ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်စေတီနှင့် ဓာတ်တော်တိုက်တို့ကို ဖူးမြော်ကြည်ညိုရှိ၍ ဝမ်းတော်ပြည့်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝဂီသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် စာသင်တိုက်အတွက် လျှပ်စစ်မီး၊ ငွေပဒေသာပင် အလှူနှင့် မုခ်ဦးတံခါး အလှူတော်ငွေများကို ဌာနဆိုင်ရာများ၊ အသင်းဝင်များနှင့် အတူ လှူဒါန်းခဲ့သည်။

ယင်းနောက် အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် ကွက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းပြီး ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းကြီးကြပ်ရေးကော်မတီများနှင့်တွေ့ဆုံကာ အမှတ်(၁၃၂) အခြေခံပညာ မူလတန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ နဂါးရုံမဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော် ဘဒ္ဒန္တနန္ဒဝံသအား လှူဖွယ်ပစ္စည်းဆက်ကပ်ကာ ဂေါပကအဖွဲ့အား စာသင်တိုက်အတွက် လျှပ်စစ်မီးပဒေသာပင် အလှူငွေများ လှူဒါန်းသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် မိတ္ထီလာမြို့ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်၏ ပကတိအခြေအနေ အရ သမိုင်းက ပေးအပ်လာသည့် အမျိုးသားရေး တာဝန်များဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နယ်စပ်ဒေသပါမကျန် ဒေသအနှံ့ တည်ဆောက်နေကြောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အသင်းဝင်များကလည်း မိမိတို့ဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကူညီလုပ်ဆောင်နေကြကြောင်း၊ ရပ်ရေး၊ ရွာရေး၊ လူမှုရေးအပေါ် အခြေခံ၍ ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပြည်သူနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေကြကြောင်း၊ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခဲ့ကြသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေကြပြီ ဖြစ်ကြောင်း ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

▲ တိုင်းမှူးမှ

အထူးကု ဆရာဝန်ကြီးများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မင်းကလည်းကောင်း လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ဆေးရေးစခန်းတာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးရန်နိုင်ထွန်းက ပို့ကုန်ဌာနအတွင်း၌ အများဆုံး တင်ပို့နေသော ပို့ကုန် ၁၀ မျိုးတို့၏ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ စစ်ဆေးနေမှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားကာ ကုမ္ပဏီများနှင့် ပွဲရုံလုပ်ငန်းရှင်များ၏ သိုလှောင်ထားရှိသော ဒေသထွက်ကုန် ပြောင်း၊ ရော်ဘာ၊ ပဲစင်းငုံများ သိုလှောင်ထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် တိုင်းမှူးသည် ပွဲရုံအတွင်း ပြည်ပသို့တင်ပို့မည့် စိန်တစ်လုံး သရက်သီးများ ထုပ်ပိုးမှုများကိုလည်း ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ငါး၊ ပုစွန် ပြည်ပပို့ကုန် ရောင်းဝယ်ရေး တန် ၁၂၀၀၊ အအေးခန်းစက်ရုံအတွင်း၌ ငါး၊ ပုစွန်များ တင်ပို့သယ်ဆောင်မှု၊ ငါး၊ ပုစွန် ထုပ်ပိုးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကြို့ကုတ်(ပန်ဆိုင်း)မြို့ရှိ တရုတ်–မြန်မာ ချစ်ကြည်ရေး ကြို့ကုတ်–ဝမ်တိမ်တံတားသို့ ရောက်ရှိပြီး ကုန်တင်ယာဉ်များဖြင့် ပြည်ပပို့ကုန်များ တင်ပို့နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကြို့ကုတ်မိုတယ်ခန်းမ၌ ကျင်းပသော အခြေခံပညာကျောင်းများသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ ကြို့ကုတ်မြို့မှ အတွင်းရေးမှူး ဦးတင်ဦးက ဒေသအတွင်း ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းအပ်နှံမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ကြို့ကုတ်မြို့မ အခြေခံပညာကျောင်းများ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်လှူဒါန်းရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးက ပညာသင်စရိတ် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ရာ အခြေခံပညာအထက်တန်းကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ကြို့ကုတ်(ပန်ဆိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ အသင်းဝင် အဆိုပြုလွှာ ၂၀၀ အား အမှုဆောင်ဒေါ်လွမ်းသွယ်က ပေးအပ်ရာ နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူပြီး လက်ထောက် ပြည်နယ်ပညာရေးမှူး ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့က ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အာရှ–ဥရောပ ဘဏ္ဍာရေးဒုတိယအကြီးအကဲများ အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ မူဂျူးမြို့၌ ဇွန် ၁၄ရက်နှင့် ၁၅ရက်များ၌ ကျင်းပသော (၈)ကြိမ်မြောက် အာရှ–ဥရောပ ဘဏ္ဍာရေး ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ပြီး ယမန်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ကိုရီးယားသမ္မတနိုင်ငံ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဆွန်းဂျင်ကင်းက ဆောင်ရွက်ပြီး အာရှနှင့် ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ဘဏ္ဍာရေးအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ် စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူ အကြီးအကဲများ စုစုပေါင်း ၁၀၃ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ကိုရီးယားသမ္မတနိုင်ငံ မူဂျူးမြို့တွင် ကျင်းပသော (၈)ကြိမ်မြောက် အာရှ–ဥရောပ ဘဏ္ဍာရေး ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်စဉ်။

(ဘဏ္ဍာ/အခွန်)

➪ ညောင်ဦးခရိုင်မှ

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကာ စေတီတော်ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူတို့က စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေကြာသင်္ကန်းတို့ကို စေတီတော်အား ရည်မှန်းပြီး ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မြစည်းခုံကျောင်းဆရာတော်ဘဒ္ဒန္တ သုဇာတကအနုမောဒနာတရားနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူရာ တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေကြာသင်္ကန်းတို့ကိုပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်ကာ မင်္ဂလာအချိန်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကိုစေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး နံ့သာရည်များဖြင့်ပူဇော်ကာ ဆရာတော် သံဃာတော်များ ဦးဆောင်ပြီး ဇယန္တော ဗောဓိယာမူလေ အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဝိမလ ဦးဆောင်သည့် ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်း အမှတ်စဉ် (၂/၂၀၀၇) (နေပြည်တော်) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

အမှတ် (၁) စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအဆင့်မြင့် သင်တန်းအမှတ်စဉ် (၂/၂၀၀၇)(နေပြည်တော်) သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး၏ ဆရာတော် ဘဒ္ဒန္တ သုဇနေ၏ အကြိမ်(၄၀) မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာ၊ သိက္ခာတော် ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာပွဲကို အဆိုပါကျောင်းတိုက်၌ ဇွန် ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (က-ပ)

ပညာဒါနအခမဲ့ သင်ကြားပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်တွင် ကျောင်းထိုင်ဆရာတော် အရှင်ရေဝတ ဦးစီး၍ မေလနှင့် ဇွန်လတို့တွင် အဆင့်မြင့်အင်္ဂလိပ်စကားပြောသင်တန်းကို သင်တန်းမှူးဆရာတော် အရှင်ကဝိဓဇ (B.Com) က တက္ကသိုလ်ဝင်တန်းအောင်မှ ဘွဲ့လွန်အထိ သင်တန်းသား၊ သင်တန်းသူ ၃၀၀ ကျော်ကို တန်းခွဲသုံးခုခွဲ၍ ပညာဒါနအခမဲ့ သင်ကြားပေးလျက်ရှိရာ ဇွန် ၃၀ ရက်တွင် သင်တန်းဆင်းပွဲနှင့် ဆရာကန်တော့ပွဲကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို ၂၀၀၇ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ သင်ကြားနိုင်ကြောင်းသိရသည်။ (က-ပ)

ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တွဲဖက်အတွင်းရေးမှူး ၂ ဦးထွန်းအောင်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Park Key-Chongသည် ယမန်နေ့ နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သည်များအချင်းချင်း ပိုမိုရင်းနှီးစွာ ပူးပေါင်းဆက်ဆံ ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသော ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအား အကူအညီများပေးရေးတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၀၀ ၅။ သီချင်းကြီးပဒေသာ
- ၅:၁၅ ၆။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၂၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သုတစုံလင်ရွှေဥဏ်ရှင်
- ၇:၀၅ ၁၁။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၂။ **"လုံလုံလုံ" (ဖိုးဉာဏ်၊မေကဗျာ) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)**
- ၇:၃၀ ၁၃။ မူးယစ်ဆေးဝါး အထိမ်းအမှတ်ပြတိုက်
- ၇:၄၀ ၁၄။ သက်တံ့ရောင်သံစဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "မာန်" (နိုင်းနိုင်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်မောင်ဦး-စနိုးပွဲက်)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

❍ ကျောဖုံးမှ

ထို့နောက် အလှူရှင်များက ကျောင်းဆောင်သစ်အတွက် လှူဒါန်းငွေများ ပေးအပ်ကြရာ ဟွန်ဒါမြန်မာကုမ္ပဏီက လှူဒါန်းငွေကျပ် ၁၀သိန်း၊ စံပြသစ်စက် ဦးဌေးဝင်းက ငွေကျပ် ငါးသိန်း၊ တင်ဝင်းထွန်း ကုမ္ပဏီမှ ငွေကျပ်သုံးသိန်း၊ အလှူရှင်များက စုပေါင်းလှူဒါန်းငွေ ကျပ်၃၆ သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။ (သတင်းစဉ်)

✻ NLD မှ

ဦးထွန်းဝေအပါအဝင် ခုနစ်ဦး၊ သံချောင်းကျေးရွာနေ ဦးခိုလီအပါအဝင်ရှစ်ဦး၊ ဘုရားကြီးကုန်းကျေးရွာနေ ဦးနီ၊ ကွန်းယားတံခွန်တိုင်ကျေးရွာနေ ဦးမြင့်မောင်တို့သည် ဇွန် ၁၁ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်းနုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံတည်ဆောက်ရေးတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ကူညီဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း၊ သူတစ်ပါးသြဇာခံနိုင်ငံဘဝသို့ ရောက်ရာရောက်ကြောင်း ဖန်တီးလုပ်ဆောင်လျက်ရှိသဖြင့် NLD ပါတီအပေါ် စိတ်ကုန်စိတ်ပျက်လာမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ဘဂ္ဂဒက်တွင် ထရပ်ကားဗုံးပေါက်ကွဲ ၇၈ ဦး သေဆုံး၊ ၂၂၉ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ယနေ့နံနက်က အင်အား ပြင်းထန်သော ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၇၈ဦးသေဆုံးပြီး ၂၂၉ဦး ဒဏ်ရာ ရရှိကြောင်း စီအင်န်အင်န်သတင်းဌာနက သတင်းထုတ်ပြန်သည်။ ဘဂ္ဂဒက်ရှိ ရှီးယိုက်အဆောက်အအုံတစ်လုံးကို ပစ်မှတ်ထားကာ ထရပ်ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် ဇွန် ၁၃ရက်က ရှီးယိုက်အဆောက်အအုံတစ်လုံး တိုက်ခိုက်ခံခဲ့ရပြီးနောက် ကာဖျူးထုတ်ပြန်ခဲ့ရပြီး ကာဖျူးအမိန့်ပြန်လည်ရုပ်သိမ်းပြီး တစ်ရက်အကြာတွင် ဘဂ္ဂဒက်၌ ထရပ်ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀က အယ်လ်ခိုင်ဒါအုပ်စု၏ ခြေကုပ်စခန်းကိုချေမှုန်းနိုင်ရန် စစ်ဆင်ရေး ဆောင်ရွက်နေစဉ်အတွင်း မငြိမ်မသက်မှုများ ပေါ်ပေါက်လာသည်။ စီအင်န်အင်န်။

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇွန်လ မှတ်သုံဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖောင်းပြင်မြို့နယ်၌ ရေမြောင်းများဆယ်ယူ

စစ်ကိုင်း ဇွန် ၁၉

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဟန်ဦးစီး၍ ဝန်ထမ်းများ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး၊ လမ်းဘေးရေမြောင်းများဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၁၇ ရက်က စုပေါင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၉

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၇ ရက်က မယ်လမုဆုတောင်းပြည့်စေတီတော်ဝင်း အဘိဓမ္မာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုကော်မတီဝင်များဖြစ်ကြသော ခင်မောင်ထွန်း (လမ်းမတော်) နှင့် မောင်မောင်မြင့်အေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ကျော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်၊ မယ်လမုစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်၊ တစ်သက်တာစာပေဆုရ စာရေးဆရာကြီးများဖြစ်ကြသော ပါရဂူနှင့် ဦးလေးမြိုင်၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းအစီအစဉ်တွင် သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ရှိန် (မင်းကြော့ရှိန်)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုကော်မတီဝင် ခင်မောင်ထွန်း (လမ်းမတော်) နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်နိုင်တိုး (တင်နိုင်တိုး) က ဖတ်ကြားတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များထံမှ သဘာပတိက အတည်ပြုချက်ရယူသည်။ ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် စာရေးဆရာမောင်မျိုးထွန်း (မြင်းခြံ) က ကျပ်တစ်သောင်းငါးထောင်၊ အဥ္ဇလီပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ အုပ်ချုပ်ရေးမှူး ဒေါ်အေးအေးမော်က ကျပ်တစ်သောင်း ပေးအပ်လှူဒါန်းရာ အလှူရှင်များကိုယ်စား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဒုတိယဗိုလ်မှူးကြီးသာဌေး(ငြိမ်း) (နီငြိမ်း-အညာတက္ကသိုလ်)က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးမြင့် (ကျိုက်လတ်မိုးမြင့်)က ဆောင်ရွက်သည်။ အစီအစဉ်အရ လက်ရှိအမှုဆောင်များ လုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့် လစ်လပ်အမှုဆောင်များ အစားထိုး ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် (တက္ကသိုလ်ဟန်စိန်)၊ အတွင်းရေးမှူး ဦးသိန်းဝင်း (သိန်းဝင်းဇော်)၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မုံ (ခင်ခင်-ဥက္ကလာ) တို့အား ရွေးချယ်တာဝန်ပေးအပ်ပြီးနောက် လစ်လပ်အမှုဆောင်(၄) နေရာအတွက်ဦးကျော်ဟန် (မင်းရဲကျော်)၊ ဦးဆန်းညွှန့် (တက္ကသိုလ်မောင် အမြုတေ)၊ ဦးရဲထက် (ပါရဲထက်)၊ ဒေါ်ဝါဝါထွေး (ခိုင်ဇင်သန့်-ဆင်ဖြူကျွန်း) တို့အား ရွေးချယ်တင်မြှောက်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၆၇)

မြို့ရွာများအရောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက် မဟာဓာတ်အားလိုင်း မိုင် ၁၀၀၀ကျော် သွယ်တန်းလျက်ရှိ

ကွင်းဆင်းလေ့လာရေးသားသူ–ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်

ရွှေလီရေအားလျှပ်စစ်စီမံကိန်းစက်ရုံမှ ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားခွဲရုံနှင့် မဟာဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်း၍ National Grid နှင့် ချိတ်ဆက်ပြီး မြို့ရွာများကို လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးနိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (မြောက်ပိုင်း)မှ လုပ်သားကြီးများသည် ရွှေလီ၊ မန်စံ၊ ရွှေစာရံအပိုင်း မိုင်(၁၈၀)ကို မဟာဓာတ်အားလိုင်းများ တည်ဆောက်လျက်ရှိသည်။ ထိုလားရှိုးခရိုင် နမ္မတူမြို့နယ် မန်စံမှ နမ္မတူ (၁၄)မိုင် လုပ်ငန်းခွင်သို့ မေလနောက်ဆုံးပတ်က ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့ပါသည်။

ကျွန်တော်က (မြောက်ပိုင်း)ကို အင်အားလာ ဖြည့်တာပါ။ ဧရာဝတီဘက်မှာလည်း မြစ် ဖြတ် ကြိုးဆွဲ လုပ် ငန်းတွေ လုပ်ခဲ့ဖူးတော့ ကုန်းပေါ် မှာ ဆိုတော့ သိပ်အခက်အခဲ မရှိပါဘူးဟု ပြောပြသူ ဧရာဝတီတိုင်း ကြိုးဆွဲတာဝန်ခံ အင်ဂျင်နီယာမှူး ဦးသိန်းလွင်။

ရွှေလီ၊ မန်စံ၊ ရွှေစာရံ (၂၃၀) ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေး စီမံကိန်းသည် ၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ နိုင်ငံတော်၏ လျှပ်စစ်ငါးနှစ်စီမံကိန်း ကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ တိုးမြှင့်ထုတ်လုပ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ အကောင်အထည်ဖော်ခဲ့သည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် တစ်ပြိုင်တည်း အကောင်အထည်ဖော်ခဲ့သော စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သည်။ စီမံကိန်းတည်ရာဒေသသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်၊ သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များသို့ ဖြတ်သန်းသွယ်တန်းထားသော ဓာတ်အားလိုင်းများ ဖြစ်ပြီး နမ့်ခမ်းမြို့နယ် (ရွှေလီစက်ရုံ)၊ နမ္မတူမြို့နယ်(မန်စံရွာ)၊ ပုသိမ်ကြီးမြို့နယ် (ရွှေစာရံ)တို့တွင် တည်ဆောက်မည့် ၂၃၀–ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလည်း ပါဝင်သည်ဟု သိရသည်။

၂၀၀၈ ခုနှစ် မတ်လခန့်မှစ၍ ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းစက်ရုံမှ ထုတ်လုပ်တော့မည့် လျှပ်စစ်ဓာတ်အား ၅၀ရာခိုင်နှုန်းကို မြို့ရွာများအရောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းတစ်ခုဖြစ်သည်။

၂၀၀၆ခုနှစ် မေလ ၁၅ရက်နေ့မှစ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)နှင့် အမှတ်(၂)ဟူ၍ တိုးချဲ့ဖွဲ့စည်းခဲ့ရာ အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန လက်အောက်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအဖြစ် ရပ်တည်လျက်ရှိပေသည်။

ယခုအခါ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရန် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (မြောက်ပိုင်း)ရုံး၊ တောင်ပိုင်းရုံးနှင့် အလယ်ပိုင်းရုံးတို့ကို ဖွဲ့စည်းထားပြီး လုပ်ငန်းများ ဆောင်ရွက်နေသည်။

ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း)ရုံး၏ စီမံကိန်းလုပ်ငန်းနယ်နိမိတ်မှာ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့ပါဝင်ပြီး ၆၆ကေဗွီ၊ ၁၃၂ကေဗွီ၊ ၂၃၀ကေဗွီ၊ ၅၀၀ကေဗွီ၊ မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိသည်။ ဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်းလျက်ရှိရာတွင် တိုင်း(၃)တိုင်းနှင့် ပြည်နယ်(၄)ခုတို့၌ မဟာဓာတ်အားလိုင်း မိုင် ၁၀၀၀ ကျော်အထိ သွယ်တန်းလျက်ရှိနေပြီး၊ ဓာတ်အားခွဲရုံပေါင်း ၃၀ကျော်ကိုတည်ဆောက်ဆဲနှင့် တည်ဆောက်ရန် စီစဉ်ထားသည်ဟု သိရသည်။

ဆက်လက်၍ မိမိတို့သတင်းအဖွဲ့သည် မဟာဓာတ်အားလိုင်းများ တည်ဆောက်ရေးနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေကို ဆက်လက်မေးမြန်းခဲ့ရာ ဦးတင်ရွှေက လက်ရှိရွှေလီရေအားလျှပ်စစ်စီမံကိန်း အပြင်၊ မကြာခင် ဓာတ်အားများ ထုတ်လုပ်ပေးနိုင်တော့မည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲရွာ၊ အထက်ပေါင်းလောင်း၊ အောက်ပေါင်းလောင်း၊ နန်ချိုဘူး၊ ကြီးအုံကြီးဝ၊ မင်းဘူးစသည့်

ပစ္စည်းအဆင်သင့်ရှိပြီး ရာသီဥတုသာယာနေလျှင်အခက်အခဲ မ ရှိ ပါ ဘူး ဟု ပြောပြသူမဟာဓာတ်အားလိုင်း တည် ဆောက်ရေး တာဝန် ခံ အင်ဂျင်နီယာ ဦးစိုးဝင်း။

ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားများကို မြို့ရွာများအရောက် ဓာတ်အားပေးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများ မိုင်ထောင်နှင့် ချီ၍တည်ဆောက် သွယ်တန်းရတော့မှာဖြစ်၍ မိမိတို့အနေနှင့် ကြိုတင်ပြင်ဆင်မှုများ ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပြုလုပ်ထားကြောင်း၊ ယင်းတို့မှာ

ကြိုး ဆွဲ လုပ်ငန်းက တိုင်ဆင်ပြီး မှ ဝင်ရတာ ဆိုတော့ သတ်မှတ် ကာလ အတွင်း ကြိုးဆွဲပြီးဖို့ တာဝန်ယူပါတယ်ဟုပြောပြသူ ကြိုးဆွဲ တာ ဝန် ခံ အင် ဂျင် နီ ယာ ဦး စိုင်း ထွန်း ဝင်း။

မဟာဓာတ်အားလိုင်း တည်ဆောက်ရေးအဖွဲ့ဝင်အင်အားများများရှိဖို့ ပုဂ္ဂလိကအဖွဲ့များဖြစ်ကြသည့် တာမိုးညဲအဖွဲ့၊ ဦးထင်ပေါ်အဖွဲ့၊ အိုလံပစ်အဖွဲ့၊ အေးရှားဝေါအဖွဲ့၊ ဆန်းတက်အဖွဲ့၊ ဦးသာဌေးအဖွဲ့နှင့် မန်ပိန်းအဖွဲ့တို့ကို ယခုအခါ တိုင်ဆင်ရေးလုပ်ငန်းတွေမှာ လျှပ်စစ်ဓာတ်အားအင်ဂျင်နီယာများနှင့် ပူးတွဲလေ့ကျင့်ပေးနေကြောင်း။

မြို့ရွာအရောက်နောက်ကျတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ကြောင်း။

မိမိတို့ ဓာတ်အားလိုင်းတွေက အရင်တည်ဆောက်ပြီးလို့ မုန်း၊ ချောက်နှင့် ပေါင်းလောင်း ဓာတ်အားပေးစက်ရုံတွေအတွက် National Grid နှင့် ဆက်ပြီး လျှပ်စစ်ဓာတ်အားတွေ ပြန်ပေးထားသည့် သာဓကတွေရှိကြောင်း၊ ဓာတ်အားလိုင်း တည်ဆောက်ရာမှာ တစ်ဖွဲ့နှင့်မရလျှင် (၃)ဖွဲ့၊ (၄)ဖွဲ့၊ (၅)ဖွဲ့၊ (၆)ဖွဲ့၊ (၇)ဖွဲ့ စသည့်အင်အားတွေ တိုးချဲ့တည်ဆောက်သွားဖို့ စီစဉ်ထားကြောင်း ပြောပြသည်။

ထို့နောက် မိမိတို့သတင်းအဖွဲ့သည် လုပ်ငန်းခွင်မှ ဓာတ်အားလိုင်း တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးဝင်း၊ကြိုးဆွဲတာဝန်ခံ အင်ဂျင်နီယာ ဦးစိုင်းထွန်းဝင်း၊ ဧရာဝတီတိုင်းမှ အင်အားလာဖြည့်ကူညီပေးနေသော ကြိုးဆွဲတာဝန်ခံ အင်ဂျင်နီယာမှူး ဦးသိန်းလွင်တို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့က ရာသီဥတု သာသာယာယာရှိဖို့နှင့် ပစ္စည်းများအဆင်သင့်ရှိဖို့သာလိုကြောင်း၊ ဒီလုပ်ငန်းဟာ ၎င်းတို့အတွက် လုပ်နေကျလုပ်ငန်းဖြစ်၍ အခက်အခဲမရှိကြောင်း၊ သို့သော် မြေပြန့်မှာလုပ်ရတာထက် တောင်ပေါ်

တည်ဆောက်ပြီးသော တာဝါတိုင်များတွင် လျှပ်စစ်လုပ်သားကြီးများ တိုင်ထိပ်ပေါ်၌ ကြိုးတင်း ကြိုးဆက်လုပ်ငန်းကို သက်စွန့်ဆံဖျား ဆောင်ရွက်နေကြစဉ်။

မိုးရာသီနှင့်တောင်ပေါ်မြေသားလမ်းတွေက လူနှင့်ပစ္စည်းတွေ သယ်ယူပို့ပေးရတာလမ်းချော်၍ သာယာသည့် အချိန်ကိုစောင့်၍ သွားရကြောင်း၊ ယခုဆင်နေသည့် ရွှေလီ၊ မန်စံဘက်မှာ မုန်းစိန်၊ မုန်းတက်၊ မုန်းကြီး၊ တက်ကလက်ချောင်းလေးချောင်းရှိကြောင်း၊ မိုးများလို့ ချောင်းရေလျှံရင်တော့ ဒီဘက်လုပ်ငန်းခေတ္တရပ်ထားပြီး သွားရေးလာရေးကောင်းသည့် မန်စံ၊ ရွှေစာရံအပိုင်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း မိမိတို့ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းကြောင့် စက်ရုံက လျှပ်စစ်ဓာတ်အားများ လုပ်ငန်းဖြစ်တော့ ပိုပင်ပန်းကြောင်း၊ အန္တရာယ်လည်းများကြောင်း၊ ဝီရိယနှင့် သတိထား လုပ်ဆောင်ရကြောင်း၊ စက်ရုံမှ ဓာတ်အားတွေကို မြို့ရွာရောက်ရှိရေးအတွက် မိမိတို့ တောတောင်အထပ်ထပ်၌ သက်စွန့်ဆံဖျား ကြိုးစားလုပ်နေပါကြောင်းတို့ကို ကွင်းဆင်းရေးသား တင်ပြလိုက်ရပါသည်။ ။

သာသနဟိတဓမ္မာရုံ မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိစာဖြေဌာန (၂)ရပ်ကွက် သီတာလမ်း သာသနဟိတဓမ္မာရုံကြီးတွင် ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ (၂၄)ကြိမ်မြောက် ဒုတိယဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့အကြို မိုးကုတ်ဝိပဿနာ ခုနစ်ရက် အထူးတရားစခန်းပွဲတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သဇင်ရေကျော်ကျောင်းတိုက်မှ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ပဏ္ဍာဝံသနှင့် တပည့်များက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် တရားတော်များအား ဟောကြား ပြသပေးမည်ဖြစ်ရာ တရားဝင်ယောဂီများအား ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီအရောက်လာကြရန်နှင့် ဆွမ်းအချို့ပွဲ၊ အအေး လှူဒါန်းလိုကြသူများ ကြိုတင်ဆက်သွယ်နိုင်ရန် အသိပေးထားကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၆–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်"(အပိုင်း–၄)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ"(အပိုင်း–၁၇)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

စက်ခေါင်းနှင့် အဆင့်မြင့်တွဲများ ပြည်တွင်း၌ကြိုးပမ်းတည်ဆောက်နေ ရထားလမ်းပိုင်းများ ကြံ့ခိုင်ရေး ကွန်ကရစ်ဇလီဖားတုံးများ တိုးချဲ့အသုံးပြုမည်

နေပြည်တော် ဇွန် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ) ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ အရာရှိများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ တွေ့ကြုံခဲ့ရသော အားသာချက်၊အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး အားသာချက် ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ရန် လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရသကဲ့သို့ ပစ္စည်းများ၊ ငွေကြေးများ သုံးစွဲရာတွင်လည်း စနစ်တကျ ဆောင်ရွက်ကြရန်၊ စီမံကိန်း အဟောင်းများကို အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ရကြောင်း၊ နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ရေးတွင် စီမံကိန်းအသစ်များကိုလည်း တိုးချဲ့ဆောင်ရွက်နေရ၍ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ခေါင်းနှင့် အဆင့်မြင့်တွဲများ ပြည်တွင်း၌ တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်စည်ပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်တော့မည်ဖြစ်၍ မိမိတို့ဌာနများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစွာ ဆောင်ရွက်ခြင်းဖြင့် ဂုဏ်ယူလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရထားလမ်းပိုင်းများ ပိုမိုကြံ့ခိုင် ကောင်းမွန်အောင် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ဟင်္သာတလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းများတွင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ် အသုံးပြုခဲ့ကြောင်းနှင့် လမ်းပိုင်းများကြံ့ခိုင်ရေး ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် ကွန်ကရစ်ဇလီဖားတုံးများ တိုးချဲ့ဆောက်လုပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီကို အလေအလွင့်မရှိအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် မိုးတွင်းပိုင်းကျရောက်လာပြီဖြစ်၍ ရေအန္တရာယ်ကင်းရှင်းရန်အတွက် ရထားလမ်းပိုင်းများတွင် ရေကင်းများချ၍ ရေလွှမ်းမိုးခြင်း အန္တရာယ်မှ ကာကွယ်နိုင်ရန် အစီအမံများပြုလုပ်ထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဝန်ထမ်းများအနေဖြင့် မိမိတို့ ကျရာဒေသ တာဝန်ကျရာဒေသများတွင် တာဝန်ထမ်းဆောင်စဉ်၌ မိမိတို့ ထိတွေ့ရသည့် ပြည်သူများ၊ မိမိတို့ဌာနတွင် လုပ်ငန်းလာရောက်ဆောင်ရွက်သူများ ခရီးသည်များ၊ ကုန်စည်လာရောက် တင်ပို့သူများ စသည်တို့ကို မှန်ကန်သောနည်းလမ်း၊ မှန်ကန်သောစေတနာဖြင့် လုပ်နည်းလုပ်ဟန်မှန်ကန်စေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးလိုကြောင်း၊ စီမံကိန်းများတွင် ပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က ဌာနအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးကဏ္ဍသည် အရေးပါသောနေရာတွင် ရှိနေခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာရှေ့ထား၍ ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထမ်းဆောင်ရာတွင် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စွာ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ (၁၀)နှစ်ပြည့်အထိမ်းအမှတ် အရံစေတီတော်များ ရွှေထီးတော်တင်လှူပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ တည်ထောင်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စကြာရှင်ဆယ့်တစ်မီးငြိမ်း စေတီတော်၊ အရံစေတီတော်နှင့် နဂါးရုံဘုရားများ ထီးတော်တင်မင်္ဂလာနှင့် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာသာရအား သိက္ခာထပ်ကံဆောင့်မင်္ဂလာ၊ ယဉ်ကျေးမှု ထူးချွန်ဆုရရှိသူများနှင့် ပညာရည်ချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် တစ်ပါးထိုင်ကျောင်းဆောင်များ ရေစက်ချအခမ်းအနားကို ဇွန် ၁၇ ရက်တွင် အဆိုပါ သာသနာ့နယ်မြေ၌ ကျင်းပရာ ရေစကြိုမြို့နယ် မိဖုရားကျေးရွာ ဘုရားကြီးကျောင်း ဆရာတော်ဘဒ္ဒန္တသုန္ဒရနှင့် ပင့်သံဃာတော်များ၊ ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် စာချ၊ စာသင် ဆရာတော်များ၊ သီလရှင်များ၊ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးအေးလွင်နှင့် ဦးစီးအရာရှိများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် ဒုတိယဗိုလ်မှူးကြီးအေးလွင်၊ အလှူရှင် ဦးတီတိုး၊ သီရိသုဓမ္မမဏိဇောတရေ ဦးမြင့်စိုးတို့က ပန်းတစ်ပွင့်တောင်ခြေ၌ ဗောဓိပင်နှင့် အင်ကြင်းပင်တို့ကို စိုက်ပျိုးပေးကြပြီး ဓမ္မသုခဗိမာန်အပေါ်ထပ်၌ ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြ၍ အလှူရှင်များက ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ တင်လှူမည့် စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ယာပုံ)**

ထို့နောက် သံဃာတော်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများကို စကြာရှင်ဆယ့်တစ်မီးငြိမ်း စေတီတော်သို့ ပင့်ဆောင်ကြကာ လက်ယာရစ်သုံးပတ်ပူဇော်ပြီး အရံစေတီတော် ၁၁ ဆူသို့ ထီးတော်နှင့်စိန်ဖူးတော်များကို တင်လှူပူဇော်၍ နဂါးရုံဘုရားလေးဆူ၌ ဌာပနာပစ္စည်းများကို ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ ပန်းတစ်ပွင့်တောင် သိမ်တော်၌ ပန်းတစ်ပွင့်တောင် ဆရာတော်အား စုပေါင်း သိက္ခာထပ်ကာ အလှူရှင်များက သိမ်ဆင်းလောင်းလှူကြပြီး ပန်းတစ်ပွင့်တောင် တောရရိပ်သာ တည်ထောင်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ပရိသတ်တို့အား စတုဒိသာ ကျွေးမွေးကြသည်။

ယင်းနောက် ရွှေပေါက်ကန်စက်မှုဇုန် ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင်-ဒေါ်သန်းသန်းတင် မိသားစုက ငွေကျပ်ငါးသိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၅၀ ကို ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ ဆက်ကပ်လှူဒါန်း၍ ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ကိုယ်စား ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)က အလှူရှင်များအား ကျေးဇူးတင်စကားနှင့် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုအခြေအနေများကို တင်ပြလျှောက်ထားသည်။

ထို့နောက် ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှ ဩဝါဒနာယူကြပြီး အလှူရှင်များက ယဉ်ကျေးမှုသင်တန်းနှင့် အတန်းအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုများချီးမြှင့်၍ ရေစက်ချ တရားနာယူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၆၆လမ်းနေ ဦးအောင်မြတ်-ဒေါ်မြင့်မြင့်စိန်၊ သား မောင်ရဲမြတ်သူ၊ သမီးမစန္ဒာ၊ မပန်းချူးချူးမိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဆရာကြီး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တရားရုံးချုပ်(နေပြည်တော်) တရားမအထူးအယူခံမှုကြားနာ

နေပြည်တော် ဇွန် ၁၉

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး)၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးစိန်လှိုင်နှင့် ဦးကျော်ဝင်းတို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် ဇွန် ၁၈ရက် နံနက် ၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ် (၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု လေးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦးတို့အား ငွေကျပ် ၁၁၂၄၀၀၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၈ရက်တွင် ကျင်းပရာ ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်လှူဒါန်းစဉ်။ (၁၂)

မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ငွေလှူ

ရန်ကုန် ဇွန် ၁၉

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ အင်းစိန်က ကြီးမှူး၍ ဇွန် ၂၆ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်ရန်နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးပြတိုက်၊ ရုပ်ရှင်ပြတိုက်သို့ လေ့လာရေးခရီးသွားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၈ရက် နံနက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်နှင့် ဇနီး ဒေါ်ဖြူပြာဝင်း မိသားစုက ကျပ် ၅၀၀၀၀၊ ဦးထွန်းကြည်-ဒေါ်တင်မာလာ(အောင်ချမ်းသာ ရောင်းဝယ်ရေးမိသားစု)၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်က ကျပ် ၂၇၀၀၀၊ ဦးအောင်မြင့်-ဒေါ်အမာဆွေ (ဘဏ္ဍာရေးမှူး မိသားစု)၊ မြို့သစ်က+ခရပ်ကွက်၊ အင်းစိန်က ကျပ် ၂၀၀၀၀၊ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)-ဒေါ်မိမိရီ(အလက-၁၊ အင်းစိန်)မိသားစုက ကျပ် ၁၅၀၀၀၊ PMGကုမ္ပဏီမှ ကျပ်သုံးသောင်းတန်ဖိုးရှိ သောက်ရေသန့် ၁၅၀ ဘူးတို့ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာ မောင်ယဉ်ကျော်)နှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

လှူဒါန်းလိုသူများသည် ဦးယဉ်ကျော် ဖုန်း(အိမ်) ၀၁-၆၄၃၀၆၁၊ (ရုံး) ၀၁-၃၇၉၅၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၆၁)

ပေးအပ်လှူဒါန်း

ဦးဂျီဟတ်ဒေါ့ - ဒေါ်သန်းသန်းတင်တို့အား ရည်စူး၍ ဦးငွေလင်း-ဒေါ်မိုးမိုးဦး မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်၊ မင်္ဂလာဒုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ Eleven Media Group မှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာသိန်းမြင့်က မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းစာအုပ် ၁၀၀၀ ရောင်းရငွေ ကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းစာအုပ်ပြီးစီး စာအုပ်များနှင့် မူပိုင်ခွင့် ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၉

Eleven Media Group မှ ပြုစုထုတ်ဝေဖြန့်ချိခဲ့သော မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းစာအုပ် ပြီးစီးခြင်းနှင့် စာအုပ်မူပိုင်ခွင့်အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့သို့ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၇ ရက် ညနေ ၆နာရီခွဲက ဆီဒိုးနားဟိုတယ်တွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းပြုစုရေးအဖွဲ့ကိုယ်စား ဦးခင်မောင်ထွေး (ပျဉ်းမနား)က စာအုပ်ပြုစုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Eleven Media Group မန်နေဂျာ ဒါရိုက်တာ ဒေါက်တာသိန်းမြင့်က မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းစာအုပ် ၁၀၀၀ ရောင်းရငွေ ကျပ်သိန်း ၅၀ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အားကစားကလောင်ရှင် မောင်ရဲဝင်းက စာအုပ်ပြုစုရေးအဖွဲ့ကိုယ်စား စာအုပ်မူပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စာအုပ် ၂၀၀ ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ Eleven Media Group၏ ပင်တိုင်ဆောင်းပါးရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား)နှင့် ဦးတင်နိုင်တိုးတို့က မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းစာအုပ် ၁၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်သို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လှူဒါန်းခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်စကား ပြောကြားသည်။

(ကြေးမုံ)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီး ဆန်းဦးလှိုင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၀၇ ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးသက်ငယ်တန်း၊ (ဂ)အဆင့်၊ (ခ)အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီမှစ၍ အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံ ခန်းမတွင် ဆက်လက်ကျင်းပသည်။

ယနေ့ (တတိယနေ့) ပွဲစဉ်များတွင် နှင်းမို့မို့နိုင် (ရှမ်းပြည်နယ်တောင်ပိုင်း)က အိပပထွန်း(ဧရာဝတီတိုင်း)ကို ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသည်။ ပင်းဝိတ်တန်း(ဂ) အဆင့်ပြိုင်ပွဲတွင် ဇော်ဦး(မန္တလေးတိုင်း)က နန်းလွင် (ရှမ်းပြည်နယ်မြောက်ပိုင်း)ကို လည်းကောင်း၊ ခင်မောင်မြင့်(ရှမ်းပြည်နယ်အရှေ့ပိုင်း)က အောင်ကိုမြတ်(ဧရာဝတီတိုင်း)ကိုလည်းကောင်း၊ သန်းမင်းသူ (ရန်ကုန်)က ကျော်ထူးထူး(ကရင်)ကိုလည်းကောင်း၊ အောင်ထိုက်(မွန်)က ချစ်မောင်(စစ်ကိုင်း)ကို လည်းကောင်း အမှတ်ဖြင့် အနိုင်ရရှိသည်။

ဖလိုင်းဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲများတွင် ဇေယျာမင်း (ရှမ်းပြည်နယ်တောင်ပိုင်း)က စံလင်းအောင် (မွန်ပြည်နယ်)ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိပြီး ကျော်စွာဝင်း(စစ်ကိုင်း)နှင့် အောင်အောင်(ရှမ်းပြည်နယ် အရှေ့ပိုင်း)တို့ပွဲတွင် ပထမအချီတွင် လက်ရည်မမျှသဖြင့် အောင်အောင် (ရှမ်းပြည်နယ်အရှေ့ပိုင်း) အနိုင်ရရှိသည်။

ယနေ့ပွဲစဉ်များအဖြစ် (ဂ)အဆင့် ပင်းဝိတ်တန်း-လေးပွဲ၊ ဖလိုင်းဝိတ်တန်း-လေးပွဲ၊ ဘင်တန်ဝိတ်တန်း-လေးပွဲ၊ ဖယ်သာဝိတ်တန်း-လေးပွဲ၊ လိုက်ဝယ်တာဝိတ်တန်း-လေးပွဲ၊ (ခ)အဆင့် လိုက်ဖလိုင်းဝိတ်တန်း-နှစ်ပွဲ၊ ဖလိုင်းဝိတ်တန်း-သုံးပွဲ၊ လိုက်ဝိတ်တန်း-လေးပွဲနှင့် အမျိုးသမီး ၅၀ကီလိုတန်း-တစ်ပွဲ၊ စုစုပေါင်းပွဲစဉ် ၃၀ ကျင်းပသည်။

ဇွန် ၂၀ရက် (ယနေ့) ပွဲစဉ်များကို ညနေ ၃နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး လက်ဝှေ့အားကစားဝါသနာရှင် မည်သူမဆို ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပင်းဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲတွင် အောင်ထိုက်(မွန်)၏ ဘယ်ထောက်လက်သီးက ချစ်မောင်(စစ်ကိုင်း)၏ မေးရိုးပေါ်သို့ ထိထိမိမိ ကျရောက်စဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဆရာ-ဒကာဆက်ဆံရေး သင်တန်း(ဒုတိယပိုင်း) အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရ မော်ကွန်းထိန်းဆရာတော် (နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်)
၇:၅၅	Midweek Sports News
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	International Video Topics (ဒေင်ဥယျာဉ်မှာ နေထိုင်သူများ)
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၀၅	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၁)
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅	Yangon Panorama "Life Of Ordinary People" Htein Win Photo Exhibition
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ဇီဝလောင်စာဆီအတွက် အားထားရမည့်ကြက်ဆူကြိတ်စက်များ
၁၁:၁၅	မိုးလေဝသခန့်မှန်းချက်
၁၁:၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ (Good Health (ဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာ ခင်မိုးမိုးနှင့်တွေ့ဆုံခြင်း)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ညှော်မယ်ဇို့ (ခန့်စည်သူ၊ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၅	နေခြည်ဖြာ၍ လန်းသောပန်းများ (စေတနာရှင်ဆရာဝန်ကြီးများ၏ ရေးမြို့နယ်၊ အစင်ကျေးရွာသို့ အခမဲ့ဆေးကုသရေးခရီးစဉ်) (အပိုင်း-၂)
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	အကျိုးပြုအဏုဇီဝပိုး Effective Microorganism
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့၌ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ ပြည်သူသုံးဦး ခြေထောက်ပြတ် ဒဏ်ရာအသီးသီးရရှိခဲ့

နေပြည်တော် ဇွန် ၁၉

မေ ၂၈ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ထီးဝါးပလောကျေးရွာနေ စောဖားလီသည် ကျေးရွာအနီးရှိ တောင်ပေါ်သို့ တညင်းသီးခူးရန် သွားရောက်စဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေချင်းဝတ်ပြတ်၊ ဝဲဘက်ခြေသန်းပေါက်ပြဲ ဒဏ်ရာများ ရရှိခဲ့သောကြောင့် မြဝတီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ပတ္တလားကျေးရွာအုပ်စု ထိပ်ပေါက်ကျေးရွာနေ ကိုနိုင်သည် တညင်းသီးခူးရန်အတွက် တောထဲသို့ သွားရောက်စဉ် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးနင်းမိသဖြင့် ယာဘက်ခြေချင်းဝတ် ပြတ်တောက် ဒဏ်ရာရရှိခဲ့သောကြောင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့၍ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

သထုံမြို့နယ် ရေဝေကျေးရွာနေ စောစပ်ဝါးသည် ဇွန် ၁၄ ရက်တွင် ဘီးလင်းမြို့နယ် ခလောက်အင်းကျေးရွာအနီး၌ သစ်ချသီးသွားကောက်စဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဝဲဘက်ဒူးအောက်ပြတ် ဒဏ်ရာရရှိခဲ့မှုကြောင့် သထုံမြို့နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၉

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁နာရီ ၃၇မိနစ် ၂၄စက္ကန့် အချိန် မန္တလေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၈၀ခန့် ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၍

ညောင်ဦးခရိုင် ပုဂံရှေးဟောင်းဒေသ ဘုရားအမှတ်(၁၄၉၇)စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၉

ညောင်ဦးခရိုင် ပုဂံရှေးဟောင်းဒေသရှိ ဘုရားအမှတ် (၁၄၉၇) စေတီတော်အား ရွှေထီးတော်၊စိန်ဖူးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၈ နာရီခွဲက အဆိုပါစေတီတော် ပရိဝုဏ်၌ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ညောင်ဦးမြို့ ရွှေမင်းဝံတိုက် အင်္ဂါထောင့်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလအမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများနှင့် ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလထံမှကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပညာတံခွန် နှစ်ထပ်ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းက မုံရွာ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အခြေခံပညာအထက်တန်းကျောင်းခွဲသို့ရောက်ရှိပြီး ပညာတံခွန်ကျောင်းဆောင်သစ်ပေးအပ်ပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းရှင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်၊ တာဝန်ခံကျောင်းအုပ်ကြီး ဦးအုန်းရွှေတို့က ပညာတံခွန်နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ်မော်ကွန်းကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ပညာတံခွန်ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပညာတံခွန်ကျောင်းဆောင်သစ် ပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းရှင်က ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ခံကျောင်းအုပ်ကြီးက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံပေးအပ်ပြီးနောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းဆောင်သစ် ဆောက်လုပ်ရေး မှတ်တမ်းစာရင်းဇယားများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူး ဦးမြင့်ရွှေက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးက အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ကျောင်းစိမ်းဝတ်စုံများနှင့် ငွေကျပ်လေးသိန်းတန်ဖိုးရှိ သွပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

စက်ခလုတ်နှိပ် ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ပညာတံခွန် ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၂၀-၆-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

NLD ပါတီသည်နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်း၊ သူတစ်ပါးသြဇာခံနိုင်ငံဘဝ ရောက်ရာရောက်ကြောင်း ဖန်တီးလုပ်ဆောင်လျက်ရှိ အိမ်မဲမြို့နယ်မှ ပါတီဝင် ၄၈ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၉

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကြခတ်ကွေ့ကျေးရွာနေ ဦးထွန်းကျော်နှင့် ဦးသန်းလွင်၊ဆီးကွင်းကျေးရွာနေ ဦးဇော်မြင့် အပါအဝင်၁၃ဦး၊ထန်းပင်ရိုး(ခတ္တိယ) ကျေးရွာနေ ဦးကြည်ဝင်းအပါအဝင် ငါးဦး၊ရွာမ(ခတ္တိယ) ကျေးရွာနေ ဦးဇော်မြင့်နှင့် ဦးသန်းကြီး၊ရေသိုးညောင်ဝိုင်း ကျေးရွာနေ ဦးမြင့်အုန်းအပါအဝင် ငါးဦး၊ ပနာသိမ်ကျောင်းစုကျေးရွာနေ ဦးထွန်းမြင့် အပါအဝင် ငါးဦး၊စာဖြူဆိပ်ကျေးရွာနေ ဦးဘိုစံအပါအဝင် သုံးဦး၊ ခတ္တိယကျေးရွာနေ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳